ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (25-5-2004) (၄၂၄၄)

ကာလေန ဓမ္မသာကစ္ဆာ
ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

အမှာစကားပြောကြား

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာ ရိပ်သာ အစည်းအဝေးခန်းမ၌ကျင်းပသည့် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဂျင်တီးနားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၅

၂၀၀၄ခုနှစ် မေ ၂၅ရက်တွင် ကျရောက်သော အာဂျင်တီးနား သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အာဂျင်တီးနား သမ္မတနိုင်ငံ သမ္မတ နက်စတာကာလို့စ် ကာချပ်စ်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အနော်ရထာ ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ထုတ်စောင်ရေ ၁၉၇၅၄၄

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

၂၅-၅-၂၀၀၄
(အင်္ဂါနေ့)

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာဖြစ်ထွန်း နယ်စပ်ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် စုစည်းညီညွတ်စွာ ပေါင်းစည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ တိုင်းရင်းသားများအားလုံး နှစ်ပေါင်းများစွာ ဥမကွဲသိုက်မပျက် ပေါင်းစည်းယှက်နွယ်နေထိုင်လာခဲ့ကြပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထာဝစဉ်အလေးထား ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာစေရေးအတွက် ဦးတည်ဆောင်ရွက်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး (၃/၂၀၀၄)ကို မေလ ၂၂ရက်နေ့က ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် **"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုတိုးတက်ဖြစ်ထွန်းမှုများ ရရှိစေရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ လူနေမှုမြင့်မားပြီး စီးပွားရေး တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်း တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တစ်သဘောတည်း ညီညွတ်ချစ်ကြည်လာမှာဖြစ်သည့်အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း"** မှာကြားသွားသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာလုပ်ငန်း ကော်မတီများ ပေါင်းစပ်၍ တက်ညီလက်ညီ အကောင်အထည်ဖော်လျက်ရှိရာ ၁၄နှစ်ကျော်ကာလအတွင်း နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသတွင်း လမ်းပန်းဆက်သွယ်သွားလာမှုကောင်းမွန်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာရေးတို့အတွက် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။ အဆိုပါ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ် မတ်လအထိ ငွေကျပ်သန်းပေါင်း ၅၄၀၀၀ သုံးစွဲခဲ့သည်။

ယခင်ခေတ်ကာလများက နယ်စပ်ဒေသရှိ ကျေးရွာအဆင့်မျှသာရှိခဲ့သည့်ဒေသများ၌ ယခုအခါတွင် ခေတ်မီမြို့ကြီးပြကြီးများ၊ ကြီးမားကျယ်ပြန့်သည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးစခန်းများဖြင့် တိုးတက်ပြောင်းလဲလျက်ရှိနေပြီဖြစ်သည်။ ယင်းကဲ့သို့ နယ်စပ်ဒေသများ၏ စီးပွားရေး၊ လူမှုရေးများဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပံ့ပိုးကူညီမှုများနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်ညီလက်ညီ ပူးပေါင်းစွမ်းဆောင်နိုင်မှုများကြောင့် ဖြစ်သည်။

ယင်းသို့ နယ်မြေဒေသများ ဖွံ့ဖြိုးစည်ပင် တိုးတက်နေခြင်း၊ တိုင်းရင်းသားအချင်းချင်း ပေါင်းစည်းယှက်နွယ် နေထိုင်နိုင်ခြင်း၏ အခြေခံသည် ငြိမ်းချမ်းသာယာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာစေရေး ဦးတည်ရည်မှန်းပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ယခုထက်ပိုမို တိုးတက်လာစေရေးအတွက် အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ X-Ray Machine မောင်းနှင် ကိုင်တွယ် ထိန်းသိမ်းခြင်းသင်တန်း အမှတ်စဉ် (၂/၂၀၀၄) ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ (ပို့ဆောင်ရေး)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ X-Ray Machine သင်တန်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် မေ ၂၄

X-Ray Machine မောင်းနှင်ကိုင်တွယ်ထိန်းသိမ်းခြင်းသင်တန်း အမှတ်စဉ်(၂/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် မင်္ဂလာဒုံရှိလေကြောင်းပညာသိပ္ပံ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံရဲမှူခင်းတပ်ဖွဲ့၊ မြန်မာနိုင်ငံ မူးယစ်တပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနများမှ ဌာနအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် မြို့ပြလေကြောင်းလုံခြုံရေး၊ နိုင်ငံတော်မှ ဥပဒေအရ တားမြစ်ထားသည့် ကုန်ပစ္စည်းများ၊ ပြည်ပသို့ တရားမဝင် သိုဝှက်ယူဆောင်ခြင်းများ မရှိအောင် တားဆီးကာကွယ်ဖော်ထုတ်နိုင်ရေးအတွက် အထောက်အကူပစ္စည်းများဖြစ်သည့် X-Ray စက်နှင့် အခြားခေတ်မီစက်ကိရိယာများကို စနစ်တကျ ကျွမ်းကျင်စွာ မောင်းနှင်ကိုင်တွယ် ထိန်းသိမ်းနိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်လာသည့်အခါ အာဆီယံနိုင်ငံများရှိ လေဆိပ်များကဲ့သို့ ဆောင်ရွက်နိုင်ရန် ပြုပြင်မှုများ ပြုလုပ်လာသည့်အတွက် ပြည်ပခရီးသည် ထွက်ခွာဆောင်နှင့် ပြည်တွင်းခရီးသည် ထွက်ခွာဆောင်များ၌ အကောက်ခွန်ကောင်တာများ မထားရှိတော့ဘဲ အကောက်ခွန်အရာရှိများကို X-Ray စက် သင်တန်းပေးပြီး ကန့်သတ်ထားသော ပစ္စည်းများရှာဖွေခြင်း ဆောင်ရွက်သွားရန် ကော်မတီအစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည့်အတွက် ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲမှူခင်းတပ်ဖွဲ့ဝင် အရာရှိများ၊ မြန်မာနိုင်ငံ ရဲမူးယစ်တပ်ဖွဲ့ဝင် အရာရှိများ၊ အကောက်ခွန်ဦးစီးဌာနမှ အရာရှိများတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဝင်းအောင် အာဂျင်တီးနားအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၅

၂၀၀၄ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနား သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ရာဖေလ်ဘီရယ်လ်ဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ရန်ကုန်မြို့တွင် ရောက်ရှိနေသောတရုတ်ပြည်သူ့သမ္မတနိုင်ငံရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များအား မြန်မာ့ရုပ်ရှင်လုပ်ငန်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲတွင် အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

တရုတ်ရုပ်ရှင်လေ့လာရေးအဖွဲ့ဝင်များအား မြန်မာ့ရုပ်ရှင်လုပ်ငန်းက ညစာတည်ခင်းဧည့်ခံ

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များအား မြန်မာ့ရုပ်ရှင်လုပ်ငန်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲကို ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ကျင်းပသည်။

ယင်းညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ ညစာစားပွဲမကျင်းပမီ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဧည့်သည်တော် လေ့လာရေးအဖွဲ့ဝင်များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း အပတ်စဉ်(၃) ဆင်းပွဲကို မေ ၂၀ ရက်တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ ကျင်းပရာ အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်**(ယာပုံ)**တို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ကြသည်။ (သတင်းစဉ်)

ဆောင်းပါးစက်ရုံ ကုန်ချော (၃)

တပ်မတော်စွမ်းအားနှင့် ပြည်ထောင်စုရထား

ရတနာစည်ဆရာတော်(လွိုင်လင်)

(က)

ပြည်ထောင်စုသားတို့၏ စည်းလုံးညီညွတ်မှုအင်အားများ တိုးပွားခိုင်မတ်လာလေတိုင်း၊ ပြည်ထောင်စုနိုင်ငံများသည် မြင့်မားစွင့်ကားလာလေ့ရှိသော စီးကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်အင်အားများ နွမ်းပါးချည့်နဲ့လာလေတိုင်း ပြည်ထောင်စုနိုင်ငံများ ကွဲပြားပျက်ပြိုလေ့ရှိသည့် ဆန့်ကျင်ဘက်စီးကြောင်း ဟူသော စီးကြောင်း နှစ်ကြောင်းအနက် ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပထမစီးကြောင်းအတွင်း အရှိန်ကောင်းကောင်း စီးဝင်နေသည်မှာ နေအသွင် လအလား ဖြစ်ပါ၏။

သည်သို့ ဖြစ်လာရခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှုအောက်၌ အကြီးအကဲများအားလုံး တက်ညီလက်ညီ ကြိုးပမ်းအားထုတ်မှု ဝီရိယဓာတ်၊ ပြည်ထောင်စုကြီးတစ်ခုလုံးအပေါ် လွှမ်းခြုံစိုးမိုးနိုင်မှု ဣဿရိယဓာတ်၊ ပြည်ထောင်စုကြီးတစ်ခုလုံး ကွက်လပ်မကျန် ခြုံငုံဖြည့်ဆည်းနိုင်စွမ်းရှိမှု စေတနာဓာတ်၊ ပြည်သားတို့၏ မိဘသဖွယ်ဖြစ်တည်သော မေတ္တာဓာတ်၊ ပြည်သားတို့အား အတ္တကို ဗဟိုပြုသည့် ငါတကောကောစိတ်၊ အစွန်းရောက်စိတ်၊ မျက်ကန်းစိတ်တို့ကို ရှောင်ကြဉ်စေကာ နိုင်ငံကို ဗဟိုပြုသည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်နေအောင် ဖော်ဆောင်ဖန်တီးနိုင်သော ဣဒ္ဓိပါဒ်ဓာတ်ဟူသည့် စွမ်းရည်ပြည့် အစိုးရတစ်ရပ်၏ အရည်အသွေးတို့ကြောင့် ဖြစ်သည်မှာလည်း နေအသွင် လအလားသာ ဖြစ်ပါ၏။

ပြောမကုန် ရေးမခန်းနိုင်သည့် အကြောင်းစုံ အခန်းခန်းတို့ထဲမှ ပြည်ထောင်စုအားကို ဝင့်ကြွားစွာ မြှင့်တင်ထားသော တပ်မတော်စွမ်းအားနှင့် ပြည်ထောင်စုရထားကြီးတစ်စင်း ထင်းထင်းထင် ထွက်ပေါ်လာပုံ တစ်ခန်းတစ်ကဏ္ဍအဖြစ်။

(ခ)

“ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် နေရာများသို့ ရာသီမရွေး သွားလာနိုင်သည့် လမ်းများဖောက်လုပ်ရန် အရေးကြီးကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ စီးပွားရေးလည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း”

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

၂၃-၆-၉၄ ရက်နေ့၌ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး၌ လမ်းညွှန်ချက်။

(ဂ)

ရက်စွဲ။ ။ ၂၁-၃-၂၀၀၄
အချိန်။ ။ နံနက် ၉ နာရီ
နေရာ။ ။ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ဘက်ခြမ်း ပြင်သာယာဘူတာရုံရှေ့ မျက်နှာစာ
အကြောင်းအရာ။ ။ တပ်မတော်သားတို့၏ စွမ်းအားကို ထင်ဟပ်သော ရထားလမ်းသစ်ဖွင့်ပွဲ

(ဃ)

“နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံသူ၊ နိုင်ငံသား ပြည်ထောင်စုသားများအားလုံး လူနေမှုအဆင့်အတန်း မြင့်မားလာရေးကို အထူးတာဝန်တစ်ရပ်အဖြစ် အစဉ်တစိုက် တစိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် ဒေသတည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ ဖွံ့ဖြိုးတိုးတက်ခြင်း ဖြစ်ထွန်းနိုင်တာကြောင့် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ကားလမ်းဟောင်းများ အဆင့်မြှင့်တင်ခြင်း၊ ကားလမ်းသစ်များ ဖောက်လုပ်ခြင်းတို့နဲ့အတူ စရိတ်စက သက်သာစွာ စီးနင်းနိုင်ပြီး ကုန်စည်များပါ ပို့ဆောင်နိုင်တဲ့ ရထားလမ်းသစ်များကိုလည်း တိုးတက် ဖောက်လုပ်ပေးလျက်ရှိပါတယ်”

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ ကြည်လင်၍ ပီပြင်သော အသံက ပရိသတ် ၃၀၀၀၀ ကျော်ထံ လွင့်ပျံ့လျက်ရှိ၏။ ပရိသတ်အပေါင်းတို့ကလည်း တိုင်းမှူး၏စကားကို အာရုံစိုက်လျက်ရှိကြ၏။

“ယနေ့ နိုင်ငံတော်အစိုးရလက်ထက်မှာ တောင်ကြီးခရိုင်အတွင်း ရွှေညောင်-ရပ်စောက် ရထားလမ်း အရှည် ၃၇ဒသမ၇မိုင်၊ အောင်ပန်း-လွိုင်ကော် ရထားလမ်း အရှည် ၁၀၄မိုင်၊ ရွှေညောင်-ဆိုက်ခေါင် ရထားလမ်း အရှည် ၆၁ဒသမ၆၈မိုင်နဲ့ လွိုင်လင်ခရိုင်မှာ နမ့်စန်-မိုးနဲ ရထားလမ်း အရှည် ၂၇ဒသမ၅၆မိုင်တို့ကို ဖောက်လုပ်ပေးပြီး ဖြစ်တာကြောင့် ဒေသခံပြည်သူများအနေနဲ့ စရိတ်စကသက်သာစွာ တစ်နေရာမှ တစ်နေရာသို့ သွားလာကူးသန်း ရောင်းဝယ်ဖောက်ကား နေနိုင်ကြပြီဖြစ်ပါတယ်”

တိုင်းမှူးက နိုင်ငံတော်အစိုးရ၏ ပကတိစေတနာဓာတ်ကို ထင်ဟပ်ပြနေစဉ် ထိုစေတနာဓာတ်၏ ချိုမြရသကို ကိုယ်တိုင်ခံစားကြရသည့် ပရိသတ်များက ခေါင်းတညိတ်ညိတ်ရှိနေကြ၏။ ဥပမာ-ဆိုက်ခေါင်အထိ ရထားလမ်းပေါက်လာသောအခါ ခရီးအသွားအလာ များပြားပြီး ခရီးသည်များ၏ စားသုံးမှုများပြားလာသောကြောင့် သာမန်ထမင်းဆိုင်လေးမှ စားသောက် ဆိုင်ကြီးပိုင်ရှင်ဖြစ်လာသူ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်ဘဝမှ ဆိုက်ခေါင် ထွက်ကုန်များကို တောင်ကြီးပို့၍ တောင်ကြီးမှ လိုအပ်ကုန်များ ပြန်သယ်ကာ ရောင်းဝယ်ခြင်းဖြင့် မိသားစုစီးပွားဘဝ ကြွကြွရွရွမြင့်တက်လာသူ၊ တစ်နေကုန် ထိုင်ရောင်း၍ အမြတ်ငွေတစ်ထောင်မရသော အိမ်ဆိုင်ကလေးမှ မီးရထားကို အကြောင်းပြုကာ ထောင်ဂဏန်းအတော်များများ နေ့စဉ်ငွေဝင်နေသူ စသည့် ထိုသူ ဤသူ အနီးသူများကိုယ်တိုင် ပရိသတ်ထဲမှာ ဝင့်ဝဲစွာ ပါရှိနေသည် မဟုတ်ပါလား။

“ယခုအခါ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ထပ်မံလမ်းညွှန်ချက်များအရ ဆိုက်ခေါင်-ပွန်ချောင်း-နမ့်စန် ရထားလမ်း မိုင်အရှည် ၁၀၃မိုင်ကို စီးပွားရေးတွက်ခြေကိုက်မှု ဦးစားမပေးဘဲ ဒေသတစ်ခွင်မှ ဒေသခံပြည်ထောင်စုသားများ အကျိုးအတွက် အဓိကထားပြီး ဆက်လက်ဖောက်လုပ်ရန် သတ်မှတ်ခဲ့ပါတယ်။ ရထားလမ်း အောင်မြင်ပြီးမြောက်သွားတဲ့အခါမှာ တောင်ကြီးခရိုင် တောင်ဘက်ခြမ်း ကျေးရွာများနဲ့ လွိုင်လင်ခရိုင် တောင်ဘက်ခြမ်း ကျေးရွာများ ဆက်စပ်မိသွားပြီး ရထားခရီးကြောင့် ဒေသခံ တိုင်းရင်းသားများ အကြားအမြင် ဗဟုသုတနဲ့တကွ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာ ဧကန်မုချ ဖြစ်ပါတယ်”

“ဤရထားလမ်း ဖောက်လုပ်နိုင်ဖို့ ကွင်းဆင်းတိုင်းတာမှုပြုရာမှာ တောထူထပ်ခြင်း၊ တောင်ကမ်းပါးများ မြင့်မားမတ်စောက်ခြင်း၊ ကျောက်တောင်များပေါများခြင်း၊ လူနေကျေးရွာများ ဝေးကွာခြင်းတို့ကို တွေ့ရှိရတဲ့အတွက် လုပ်သားလိုအပ်မှု၊ လုပ်အားလိုအပ်မှုများ လိုအပ်နေကြောင်း သုံးသပ်ရရှိပါတယ်။ ဒါကြောင့် လိုအပ်တဲ့လုပ်သားနဲ့ လုပ်အားကို နယ်မြေခံတပ်မတော်သားတို့ရဲ့ စွမ်းအားနဲ့ ဖြည့်ဆည်းပေးနိုင်ဖို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်မတော်သားများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားလမ်းဖောက်လုပ်ရန် တာဝန်ပေးအပ်ခဲ့ပါတယ်”

တိုင်းမှူးက ဆက်လက်ပြောကြားရာတွင် “အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံ တပ်မဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများသည် ၁-၈-၂၀၀၁ ရက်နေ့မှ စတင်ကာ ဆိုက်ခေါင်မှ ပြင်သာယာသို့ ရထားလမ်းပိုင်းသစ် ဖောက်လုပ်ခဲ့ရာ ရထားလမ်းအရှည်မိုင် ၁၆ဒသမ၈မိုင်ကို ၂၇-၃-၂၀၀၃ ရက်နေ့၌ တပ်မတော်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုမှ ပြင်သာယာ-ထီရိ ရထားလမ်းပိုင်းသစ် အရှည်မိုင် ၄ဒသမ၃မိုင်ကို ဆက်လက်ဖောက်လုပ်ခဲ့ရာ ကောင်းစွာ အောင်မြင်ပြီးမြောက်ပြီဖြစ်၍ ယနေ့ ရထားလမ်းသစ်ဖွင့်လှစ်မှာဖြစ်ကြောင်း” ပြောကြား၏။

ယနေ့ကာလ၌ တပ်မတော်သားတို့သည် တပ်မတော်၏ အဓိကတာဝန်ကြီးသုံးရပ်ကို ထမ်းဆောင်လျက်ရှိကြသည်။ တိုင်းပြည်ရန်သူပေါ်လာလျှင် “စစ်တိုက်ရန်”၊ တိုင်းနိုင်ငံအေးချမ်းနေလျှင် “လေ့ကျင့်ရန်” နှင့် “ပြည်သူ့အကျိုးဆောင်ရွက်ရန်” ဟူသော အဓိကတာဝန်ကြီးများဖြစ်၏။ ယနေ့အချိန်အခါဝယ် ပြည်ထောင်စုကြီးတစ်ခုလုံးနီးပါး အေးချမ်းသာယာနေပြီဖြစ်ရာ တပ်မတော်သားတို့သည် “အစဉ်သဖြင့် အဆင်သင့်ဖြစ်နေစေရေး လေ့ကျင့်ရန်” နှင့် “ပြည်သူ့အကျိုးဆောင်ရွက်ရန်” တို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိကြသည်တွင် ယခု တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်ဟူသော ခရိုင်နှစ်ခရိုင်အတွင်း စရိတ်စက သက်သာစွာ ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနိုင်ရန် ခရိုင်ချင်းဆက် ရထားလမ်းသစ်ကို ဖောက်လုပ်ပေးခြင်းဖြင့် “ပြည်သူ့အကျိုးဆောင်ရွက်ရေး” ကို အကောင်အထည်ဖော်ခြင်း မည်လေ၏။

တိုင်းမှူးက ဤသို့ နိဂုံးစကား ပြောကြား၏။

“တပ်မတော်သားတို့ရဲ့စွမ်းအားနဲ့ ကျန်ရှိနေသေးတဲ့ လမ်းပိုင်းများကိုလည်း ဆက်လက်ဖောက်လုပ်သွားမှာဖြစ်ပါတယ်။ ဒီရထားလမ်းသစ်ကြီး အလုံးစုံပြီးစီး အောင်မြင်သွားရင် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာပြီး တိုင်းရင်းသားများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမှာ မုချဖြစ်ပါတယ်။ ဒီရထားလမ်းကြီးကို အကြောင်းပြုပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွား ခိုင်မာလာမှာ မုချဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား”

ပရိသတ် သုံးသောင်းကျော်တို့၏ လက်ခုပ်သံသည် နဘံအထက် ပျံတက်လေတော့၏။

(င)

အစီအစဉ်အရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖွင့်ပွဲမင်္ဂလာစကား ပြောကြားရန်ဖြစ်သဖြင့် အခမ်းအနားမှူးက ဝန်ကြီးအား ဖွင့်ပွဲမင်္ဂလာစကား ပြောကြားချီးမြှင့်ပေးပါရန် ပန်ကြား၏။

မကြာမီ ကြင်လင်အေးမြသော အသံထွက်ပေါ်လာ၏။

“ဒီနေ့ အခမ်းအနားကို တက်ရောက်ချီးမြှင့်ကြတဲ့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနဲ့တကွ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံမိဘပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာမေတ္တာပို့သအပ်ပါတယ်”

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၏ မေတ္တာအသံသည် မိုးနဘံထွင်းဖောက်၍ စကြဝဠာအနန္တတိုင် ရောက်ရှိကြောင်း အောက်ပါ ပါဠိအကိုးဖြင့် ထင်ရှား၏။

“ဒါနသဒ္ဒေါ ဆကာမာဝစရော=ဒါနအသံသည် နတ်ခြောက်ဘုံ”

“ဈာနသဒ္ဒေါ ဘဝဂ္ဂေါ=ဈာန်အသံသည် အထက်ဘဝဂ်”

“မေတ္တာသဒ္ဒေါ အနန္တော=မေတ္တာအသံသည် စကြဝဠာအနန္တ”

ယင်းပါဠိနီတိက မေတ္တာတရားကို အထူးခြယ်မှုန်းထားသဖြင့် လူသားတိုင်း လက်ကိုင်ထားအပ်သော မေတ္တာတရားဟု မပြောဘဲ ပြီးသွား၏။ မေတ္တာတရားသည် ကံသုံးပါးလုံး၌ တည်ရှိရာ မေတ္တာမနောကံ၊ မေတ္တာစိတ်ကို မွေးမြူပွားများနိုင်လျှင် မေတ္တာဝစီကံ၊ မေတ္တာကာယကံတို့သည် အလိုလိုပြည့်စုံလာ၏။ ထိုအခါဝယ် ဘဝ၏ ထောင့်တောင့်တောင့် အနေအထားများ၊ ဘဝ၏ စိမ်းဆတ်ဆတ်အခြေအနေများ၊ ဘဝ၏ ခက်တရော်ကြမ်းတမ်းမှုများ၊ ဘဝ၏ သွေ့ခြောက် ပူပြင်းမှုများမှ လွတ်မြောက်လေ၏။ ဤ၌ ဖော်ပြအပ်သော အင်္ဂုတ္တရ အဋ္ဌကထာလာ မေတ္တာစိတ် ဖွင့်ဆိုချက်မှာ “မေတ္တာစိတ္တံတိ-မေတ္တာစိတ်ဟူသည်၊ သဗ္ဗသတ္တာနံ-သတ္တဝါအားလုံးတို့အား၊ ဟိတဖရဏစိတ္တံ-ကောင်းကျိုး လိုလားဖြန့်ကြက်ထားသော စိတ်တည်း”ဟု ဖြစ်၏။ (အံ၊ဋ္ဌ၊၁၊၅၃)။

ယနေ့ မြန်မာနိုင်ငံသည် မေတ္တာစိတ်ကို အထူးဖြန့်ကြက်နိုင်သော နိုင်ငံအဖြစ် ပို၍ထင်လင်းလာလျက်ရှိ၏။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများနှင့် နိုင်ငံအဝန်း မဟာထေရ်ကြီးများ၏ မေတ္တာ၊ နိုင်ငံတော်အကြီးအကဲနှင့်တကွ ဆိုင်ရာအကြီးအကဲတို့၏ မေတ္တာ၊ တိုင်းသူပြည်သားအပေါင်းတို့၏ မေတ္တာများကြောင့် ယနေ့ မြန်မာနိုင်ငံသည် မေတ္တာခြုံလွှမ်း၍ အေးချမ်းသာယာသော နိုင်ငံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ခြင်း လင်းဖွင့်သော နိုင်ငံအဖြစ် ထွန်းသစ်လာနေသည်မှာ မည်သူမျှမငြင်းနိုင်ပါချေ။

ယင်းမေတ္တာတရားဟူသည့် ကောင်းကျိုးလိုလား ဖြန့်ကြက်စိတ်ဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဆက်လက်ပြောကြားရာတွင် “ယခင်က ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ရွှေညောင်အထိသာ ရထားလမ်းပေါက်ခဲ့သဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **‘တောနှင့် မြို့ ကွာဟမှု ကျဉ်းမြောင်းသွားစေရန် ဆက်သွယ်ရေးလမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရေး’** လမ်းညွှန်မှုပေးခဲ့သည်နှင့် အညီ ရွှေညောင်မှ တောင်ကြီးအထိ ရထားလမ်းအရှည်မိုင် ၂၀ဒသမ၈၁ မိုင်ကို ၂၄-၁၂-၉၇ ရက်နေ့၌လည်းကောင်း၊ တောင်ကြီး-ဖာမွန်း ရထားလမ်း အရှည်မိုင် ၆ဒသမ၂မိုင်ကို ၂၇-၇-၉၆ ရက်နေ့၌လည်းကောင်း၊ ဖာမွန်း-ဘန်းယဉ် ရထားလမ်းအရှည်မိုင် ၂၇ဒသမ၄၂မိုင်ကို ၄-၆-၉၆ ရက်နေ့၌လည်းကောင်း၊ ဘန်းယဉ်-ဆိုက်ခေါင် ရထားလမ်း အရှည်မိုင် ၇ဒသမ၆၃မိုင်ကို ၃၀-၄-၂၀၀၁ ရက်နေ့၌လည်းကောင်း၊ ဆိုက်ခေါင်မှ ယခု ပြင်သာယာအထိ ရထားလမ်း အရှည်မိုင် ၁၆ဒသမ၈မိုင်ကို ၂၇-၃-၂၀၀၃ ရက်နေ့၌လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း”ဖြင့် မှတ်တမ်းတင်ပြောကြား၏။

ထို့နောက် ဝန်ကြီးက “မြန်မာ့မီးရထားအနေဖြင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာ၌ တစ်တပ်တစ်အား ပါဝင်လျက်ရှိပုံ၊ စရိတ်စကသက်သာစွာဖြင့် ခရီးသွားပြည်သူတို့၏ အကျိုးကို သယ်ပိုးလျက်ရှိပုံ”တို့ကို ပြောကြားရင်း “တပ်မတော်သားတို့၏ စွမ်းအားကြောင့် ဖြစ်တည်လာရပါသော ရထားလမ်းသစ် ရေရှည်တည်တံ့ခိုင်မြဲကောင်းမွန်နေစေရအောင် မြန်မာ့မီးရထား ဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများကပါ ဝိုင်းဝန်းစောင့်ရှောက်ကြပါရန်” ပန်ကြားပြီး စကားနိဂုံးသိမ်းလေ၏။ ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဆိုက်ခေါင်ကျေးရွာမှ ပအိုဝ်းတိုင်းရင်းသား ဦးခွန်သန်းထူးက နိုင်ငံတော်အား ကျေးဇူးတင်စကား ပြောကြားလေ၏။

ထိုမှ မင်္ဂလာအချိန်ရောက်သောအခါ တိုင်းမှူးနှင့် ဝန်ကြီးတို့က ပြင်သာယာ-ထီရိ ရထားလမ်းပိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် ဖွင့်ပွဲဝင် ပရိသတ်တို့၏ လက်ခုပ်သြဘာသံ ညံမစဲ တုန်ဟည်းသွားကာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ဖွင့်ပွဲမင်္ဂလာမုခ်ဦးရှေ့တွင် တိုင်းရင်းသားများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြပြီး ဒေသခံတိုင်းရင်းသားတို့အား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်လျက် ဖွင့်ပွဲမင်္ဂလာ အထူးခရီးစဉ်အဖြစ် ထွက်ခွာမည့် အထူးရထားပေါ်သို့ ပြုံးပျော်စွာ တက်ရောက်ကြလေ၏။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးဖေသန်း၊ လွိုင်လင်တပ်နယ်မှ ဗိုလ်မှူးကြီးသောင်းအေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အရာရှိကြီးများ၊ တောင်ကြီးခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်းကျင်မြို့နယ်များမှ မြို့နယ်ဥက္ကဋ္ဌများနှင့် မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေး အသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများကို တင်ဆောင်ကာ အထူးရထားကြီး စတင်ထွက်ခွာစဉ် ရထားပေါ် ရထားအောက် ပရိသတ် သုံးသောင်းကျော်တို့၏ နှလုံးသားပုံဆောင်ခဲ မျက်နှာပြင်ဝယ် ဒြပ်ထင် လာသော ကမ္ပည်းအက္ခရာများမှာ **“တပ်မတော်သားတို့၏ စွမ်းအား”**ဟု ဖြစ်သကဲ့သို့ အထူးရထားကြီး၏ မျက်နှာပြင်၌ ဟပ်ထင်လာသော ကမ္ပည်းအက္ခရာများမှာ **“ပြည်ထောင်စုရထား”**ဟု ဖြစ်ပါ၏။

(စ)

ရှေ့ခရီးကို ကြည့်သောအခါ ထီရိမှ ထီထဲထိုးအထိ ရထားလမ်းအရှည်မိုင် ၉ဒသမ၃ မိုင်၊ ထီထဲထိုး-ထမ်ဆိုင်း ရထားလမ်းအရှည်မိုင် ၅မိုင်၊ ထမ်ဆိုင်း-ထူးကျန့် ရထားလမ်းအရှည် မိုင် ၆ဒသမ၈ မိုင်နှင့် ထူးကျန့်-ပွန်ချောင်း ရထားလမ်းအရှည်မိုင် ၈ဒသမ၄ မိုင်တို့ကို အပိုင်းပိုင်းခွဲလျက် တပ်မတော်သားတို့၏ စွမ်းအားဖြင့် ဆက်လက်ဖောက်လုပ်ဆဲရှိ၏။

ဤအပိုင်းများသည် ပင်လယ်ရေပြင်မှ အမြင့်ပေ ၃၀၀၀-၆၀၀၀-၄၀၀၀ဟု အနိမ့်၊ အမြင့်များ ဖြစ်တည်နေခြင်း၊ တောင်ခါးပန်းမှ ပန်းတက်လမ်းအဖြစ်သာမက တောင်ထိပ်ဦးလမ်းအဖြစ်ပါ ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ အမြင့်နီးလျက် ခရီးခက်သော အနေအထားမှ အမြင့်နီးတယ် ခရီးလွယ် အနေအထားသို့အရောက် ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ အန္တရာယ်ရှိသော လွန်းထိုးလမ်းအဖြစ် မဖောက်လုပ်ဘဲ အန္တရာယ်ကင်းသော တက်လမ်း၊ ဆင်းလမ်းအဖြစ်သာ ဖောက်လုပ်ရမည်ဖြစ်၍ ပေ ၈၀ လျှင် တစ်ပေနှုန်းအရ ပြေပြေတက်၊ ပြေပြေဆင်းနိုင်ရန် ပြေလျော့ချောမွေ့အောင် ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ လိုအပ်၍ အကွေ့ကွေ့သောအခါ စက်ဝိုင်းအချင်းဝက် ၁၅၀ မီတာနှုန်းဖြင့် ကွေ့နိုင်အောင်(တစ်နည်းပြောရလျှင်) အကွေ့တိုင်း၊ အကွေ့တိုင်းမှာ ရှေ့ဆုံးတွဲနှင့် နောက်ဆုံးတွဲရှိ ခရီးသည်များအချင်းချင်း လက်ပြနှုတ်ဆက်နိုင်အောင် ဖောက်လုပ်ရမည်ဖြစ်ခြင်းတို့ကြောင့် ခက်ခဲမှုနှင့် ခက်တရော်မှုတို့က စိန်ခေါ်နေသည်မှာ အမှန်ဖြစ်၏။ သို့သော် ဘယ်လောက်ခက်ခက် အခက်ကို ပြေနိုင်စွမ်း၊ ဘယ်လောက်ကြမ်းကြမ်း အကြမ်းကို ချောနိုင်စွမ်းဟူသော တပ်မတော်စွမ်းအားဖြင့် တပ်မတော်သားတို့က ကျော်လွှားရင်ဆိုင် အောင်နိုင်မည်သာ ဖြစ်၏။

ဖော်ပြပါ အပိုင်းလေးပိုင်းခရီး၌ မြေသားကျင်းပေါင်း ၁၇၀၆၇၅၈ ကျင်းတူး-ဖို့၊ ဖြုန်းကျောက်ကျင်းပေါင်း ၆၇၅၅၆၅ ကျင်းထုတ်လုပ်၊ တံတားကြီးငယ်ပေါင်း ၈၁ စင်းတို့ကို တည်ဆောက်လျက် မြေပေါင်ညှိခြင်း၊ သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်းတို့ကိုပါ မလျော့သောဇွဲ ထန်သဲသော လုံ့လတို့ဖြင့် လုံးဝအောင်စတမ်း ကြိုးပမ်းကြရပါဦးမည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင် အမြဲမပြတ် ကြပ်မတ်လျက်ရှိခြင်း၊ ရထားလမ်းဖောက်လုပ်ရေးတာဝန်ခံ ဗိုလ်မှူးကြီးသောင်းအေး ကိုယ်တိုင် အနီးကပ်ကြီးကြပ် ကွပ်ကဲလျက်ရှိခြင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်မတော်သားများက တက်ကြွထက်သန်စွာ လုပ်အားပေးလျက်ရှိခြင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင် အားပေးပံ့ပိုးလျက်ရှိခြင်းနှင့် မြန်မာ့မီးရထား ဝန်ထမ်းများကလည်း ကျရာတာဝန် ကျေပွန်အောင် ကြိုးပမ်းနေခြင်းဟူသော အကြောင်းကောင်းတို့ကို အကြောင်းခံနိုင်ခြင်းကြောင့် အကျိုးရလဒ်အဖြစ် စံမီရထားလမ်းသစ်သည် ဖြစ်တော့မည် ဧကန်ပါပေ။

ထိုအခါဝယ် တပ်မတော်စွမ်းအားဖြင့် စွင့်ကားကြွတက်လာသည့် ရထားသံလမ်းပေါ်မှ ပြည်ထောင်စုရထား၏ ဥဩသံက တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို မပြတ်ထွန်းကားပြန့်ပွားအောင် မြှင့်အားတင်ပေးနေမည်သာ ဖြစ်ပါသတည်း။ ။

အဘူဂါရိပ်အမှု စစ်ဆေးပုံကို ရုပ်သံမှ ထုတ်လွှင့်မှုကြောင့် ကန်နှင့် အီရတ်ပြောက်ကျားတို့ အပစ်အခတ်ရပ်စဲမှု ပျက်ပြားနိုင်

ဖော်လူဂျာ မေ ၂၄

အီရတ်အကျဉ်းသားများကို အမေရိကန်စစ်ရဲများက မတော်မတရားညှဉ်းပန်းနှိပ်စက်သည့်အမှု စစ်ဆေးနေသည်ကို ရုပ်သံမှ ထုတ်လွှင့်ပြသသွားသည်။ ထိုပြကွက်များကို အီရတ်ရှိ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက ရုပ်သံပြစက်ရှေ့တွင် စုရုံးကြည့်ရှုခဲ့ကြသည်။ အထက်ပါဖြစ်ရပ်များကြောင့် အမေရိကန်မရိန်းများနှင့် အီရတ်ခုခံရေးသမား ပြောက်ကျားများအကြား ရရှိထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ ပျက်ပြားသွားနိုင်ကြောင်း သတိပေးချက်များထွက်ပေါ်လာသည်ဟု ဆိုသည်။

လူအများက ယခုရုပ်သံထုတ်လွှင့်ချက်များကို ကြည့်ရှုပြီး "အမေရိကန်များ အီရတ်တွင် လုပ်နေကိုင်နေပုံကို ကြည့်ကြစမ်းပါဦးဗျာ" ဟု မေးခွန်းထုတ်ကြလိမ့်မည်ဟု အသက်၂၁နှစ်အရွယ်ရှိအမေရိကန်တပ်ဖွဲ့ဝင်ရောဘတ်တင်မွန်က ပြောကြားသည်။ ၎င်းက ထိုစကားများကို စီအင်န်အင်န်ရုပ်သံမှ ထုတ်လွှင့်သည့် စစ်ခုံရုံးတင်စစ်ဆေးနေသော ပြကွက်များကို ကြည့်ရှုရင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမှုစစ်ဆေးနေပုံနှင့် အကျဉ်းသားများကို စစ်ရဲများက နှိပ်စက်နေပုံ ပြကွက်များကြောင့် လူအများက အမေရိကန်များကို အာရုံစိုက်လာကြပြီး ရန်သူများက မိမိတို့ကို လက်တုံ့ပြန်လာအောင် ပြုလုပ်ပေးသကဲ့သို့ ရှိကြောင်း အသက်၂၁နှစ်အရွယ်ရှိ တပ်ကြပ်ဒေါ်နယ်ကျော်ဒန်က ဆိုသည်။ ၎င်းသည် ကာလီဖိုးနီးယားပြည်နယ် ပမ်းဒေးလ်အရပ်မှ ဖြစ်သည်။

အမေရိကန်စစ်ရဲ ဂျယ်ရာမီဆီဗစ်သည် အီရတ်အကျဉ်းသားများကို မတော်တရော် နှိပ်စက်မှုဖြင့် ပထမဦးဆုံး ရုံးတင်ခံရသော တရားခံဖြစ်သည်။

ထိုသို့နှိပ်စက်ရာ၌ ပါဝင်ခဲ့သော စစ်ရဲများမှာ ထိုက်သင့်သော အပြစ်ဒဏ်ကို ကျခံထိုက်သည်ဟု အီရတ်ရှိ အမေရိကန် တပ်ဖွဲ့ဝင်များက သဘောထားကြသည်ဟု ဆိုသည်။ အီရတ်တွင် အမေရိကန်များသည် အီရတ်ပြည်သူများ၏ ချစ်ခင်မှုကို ရရှိရန် ကြိုးပမ်းအားထုတ်နေကြသည်။ ထိုအချိန်တွင် အဘူဂါရိပ်အကျဉ်းစခန်း ညှဉ်းပန်းမှု ပြဿနာပေါ်လာသောကြောင့် အခြေအနေမှာ ပိုမိုရှုပ်ထွေးသွားပြီး အမေရိကန်များက အီရတ်များ၏ ချစ်ခင်မှုရရှိအောင် အားထုတ်နေမှု ပျက်ပြားသွားမည်ကို ပူပန်နေကြကြောင်း သိရသည်။

အမေရိကန်မရိန်းများသည် ဖော်လူဂျာရှိ ကျောင်းများတွင် စာအုပ်များနှင့် စားစရာများကို ပေးဝေနေကြသည်။ ပြီးခဲ့သောစနေနေ့က ကျောင်းတစ်ကျောင်း၌ ပစ္စည်းများ ပေးဝေနေစဉ် စိတ်ဆိုးမာန်ဆိုးဖြစ်နေသော ဆရာ၊ ဆရာမများက အကျဉ်းထောင်၌ ဖြစ်ပေါ်ခဲ့သည့် မတော်တရော်ပြုခဲ့သည့်ကိစ္စကို ရှင်းစမ်းပါဦးဟု တောင်းဆိုသည့်အဖြစ်နှင့် ကြုံခဲ့ရသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ထောက်ခံအားပေး

မေ ၁၉ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား ထောက်ခံ အားပေးသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပါကစ္စတန် ပိုင်နက်နယ်မြေအတွင်း ကန်တပ်ဖွဲ့ ကျူးကျော်ဝင်ရောက်ဟု စွပ်စွဲ

အစ္စလမ္မာဘတ် မေ ၂၄

အမေရိကန်တပ်ဖွဲ့ဝင်များသည် အယ်လ်ခိုင်ဒါနှင့် တာလီဘန်တိုက်ခိုက်ရေးသမားများအား လိုက်လံရှာဖွေဖမ်းဆီးစဉ် သောကြာနေ့က ပါကစ္စတန်နိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ရာ ယခုလအတွင်း ဒုတိယအကြိမ်မြောက် ကျူးကျော်ဝင်ရောက်ခြင်းဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဝါစီရစ္စတန် မျိုးနွယ်စုတို့နေထိုင်ရာ နယ်စပ်ကျေးရွာတစ်ရွာကို ကျူးကျော်ဝင်ရောက်ခဲ့ပြီး နေအိမ်အချို့ကို ရှာဖွေစစ်ဆေးခဲ့ကာ အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်သွားခဲ့ကြကြောင်း ပါကစ္စတန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ရှော်ကလ်ဘူလ်တင်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အမေရိကန်ထံသို့ ကန့်ကွက်လွှာ တင်ထားကြောင်း ၎င်းကပြောကြားသည်။

ယခုလ စောစောပိုင်းကလည်း အမေရိကန်တပ်ဖွဲ့ဝင်များသည် အဆိုပါဒေသတွင်းသို့ပင် ကျူးကျော်ဝင်ရောက်ခဲ့ပြီး ဆိုင်ခန်းများနှင့် ဓာတ်ဆီဆိုင်ကို ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ပါကစ္စတန်နိုင်ငံက ချက်ချင်းကန့်ကွက်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁၉ ရက်က အဘူဂါရိပ်အကျဉ်းထောင်မှ လွတ်မြောက်လာသော အီရတ်တစ်ဦး ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေ အပြင်ဘက်တွင် ပိုစတာကိုင်၍ ဆန္ဒပြနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဗီယက်နမ်စစ်ပွဲကဲ့သို့ပင် အီရတ်၌လည်း ဆိုးကျိုးနှင့် ရင်ဆိုင်ရဖွယ်ရှိ ကန်ကြည်းတပ် အစီရင်ခံစာတွင် ဖော်ပြထား

ဝါရှင်တန် မေ ၂၄

လွန်ခဲ့သော မျိုးဆက်တစ်ခေတ်က အမေရိကန်အစိုးရအနေဖြင့် တောင်ဗီယက်နမ်အမျိုးသား ပြန်လည်တည်ဆောက်ရေးကို ဆောင်ရွက်ပေးရန် ပျက်ကွက်ခဲ့မှုကို သမ္မတဘုရှ်အစိုးရက အမှတ်မထား လျစ်လျူပြုမည်ဆိုလျှင် အီရတ်အရေးတွင် အမေရိကန်တို့၏ လုပ်ရပ်မှာ နိုင်ငံခြားရေးမူဝါဒရေးရာ ရတ်တရက် ပြိုကွဲပျက်စီးမှုတစ်ရပ်အဖြစ် သက်သေထူနိုင်ကြောင်းဖြင့် လတ်တလောထုတ်ပြန်လိုက်သည့် စစ်ဘက်အစီရင်ခံစာတစ်စောင်က သတိပေးဖော်ပြထားသည်။

အမေရိကန်အစိုးရသည် အီရတ်တွင် ခုခံတွန်းလှန်မှုများနှင့် ရင်ဆိုင်ရပြီး အမေရိကန်တပ်ဖွဲ့ဝင်များ အသေအပျောက်များသည့်ပြင် ပြည်တွင်း၌လည်း ပြည်သူထောက်ခံမှု အခိုင်အမာ မရှိပါဘဲလျက် ဗီယက်နမ်မှာကဲ့သို့ပင် အီရတ်၌ တရားဝင်အစိုးရဖွဲ့စည်းရန် ကြိုးပမ်းနေကြောင်းဖြင့် စာမျက်နှာ ၆၉ မျက်နှာရှိ အမေရိကန်ကြည်းတပ် စစ်ကောလိပ် အစီရင်ခံစာတွင် ထောက်ပြထားသည်။

သို့သော် ဇွန် ၃၀ ရက် နောက်ဆုံးထားပြီး အာဏာလွှဲရမည်ဟူသော ဖိအားပေးမှုအရ အဖွဲ့အစည်းသစ်များ ထူထောင်ရန်ကြိုးပမ်းစဉ် ကျူးကျော်ရေးတပ်ဟူ၍ အီရတ် ပြည်သူအများအပြားက ရှုမြင်သည့် အမေရိကန်တပ်ဖွဲ့ဝင်များတွင် တောင်ဗီယက်နမ်လုံခြုံရေးတပ်ကဲ့သို့ တပ်ဖွဲ့အင်အားလည်းမရှိကြောင်း ဖော်ပြထားသည်။

အရှေ့တောင်အာရှတွင် ကွန်မြူနစ်စနစ် တားဆီးရန် ရည်ရွယ်သည့် အမေရိကန်အစိုးရ၏ မူဝါဒများကို ပြည်သူကလက်မခံတော့ဘဲ ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်တပ်ဖွဲ့ဝင် ၅၈၀၀၀ အသေခံရပြီး ၁၉၇၀ ပြည့်လွန်နှစ်များတွင် အဆုံးသတ်ခဲ့သည်။

အမေရိကန်တို့၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် ယခုအခါ ရှေ့တန်းစစ်မျက်နှာဖြစ်သည့် အီရတ်သည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင် ၁၃၅၀၀၀ အတွက် ဗီယက်နမ်ကဲ့သို့ ရုန်းမထွက်နိုင်သည့် ရွှံ့အိုင်ဖြစ်နေသည်ဟူသော အဆိုကို အမေရိကန်အစိုးရအရာရှိများက လက်မခံဘဲ ငြင်းဆိုထားသည်။

အီရတ်တွင် ထပ်မံမအောင်မြင်ဖြစ်လာမှုက အမေရိကန် နိုင်ငံခြားရေးမူဝါဒအတွက် ဆိုးရွားသော နောက်ဆက်တွဲ ဆိုးကျိုးများကို ဦးတည်နိုင်ကြောင်း အစီရင်ခံစာက သတိပေးထားသည်။

အင်တာနက်။

အီရတ်၌မငြိမ်သက်မှုတိုးလာ၊ ဖိလစ်ပိုင်လုပ်သားများကို ဌာနေသို့ပြန်ခေါ်

မနီလာ မေ ၂၄

အီရတ်နိုင်ငံတွင် မငြိမ်သက်မှုများ တိုး၍ဖြစ်ပေါ်လာပြီး အမေရိကန်အပါအဝင် အပေါင်းပါတပ်ဖွဲ့များနှင့် ပူးပေါင်းလုပ်ကိုင်သူ နိုင်ငံခြားသားအလုပ်သမားများကို အရှိန်မြင့်ကာ တိုက်ခိုက်လာလျက်ရှိသည်။ ထိုအခြေအနေကြောင့် ဖိလစ်ပိုင်အာဏာပိုင်များသည် အီရတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသော ဖိလစ်ပိုင်နိုင်ငံသား အလုပ်သမား နောက်ထပ် ၃၂ ဦးတို့ကို ဌာနေသို့ ပြီးခဲ့သောကြာသပတေးနေ့က ပြန်လည်ခေါ်ယူခဲ့သည်။

ပြည်ပရောက် ဖိလစ်ပိုင်အလုပ်သမားများ သက်သာချောင်ချိရေး ကြီးကြပ်ရေးဌာနသည် မကြာသေးမီအချိန်က အီရတ်ရောက်ဖိလစ်ပိုင်လုပ်သားများ ပြန်လည်ခေါ်ယူရေး ဇဟိုစခန်းတစ်ခုကို အီရတ်တွင် ဖွင့်လှစ်ခဲ့သည်။ ထိုစခန်းဖွင့်လှစ်ပြီးနောက်ပိုင်းမှစ၍ ဖိလစ်ပိုင်အလုပ်သမားပေါင်း ၅၇ ဦးတို့ကို ဌာနေသို့ ပြန်လည်ခေါ်ယူပြီးဖြစ်သည်ဟု သိရသည်။

ဗာဂီလီယိုအင်ဂျီလိုသည် ပြည်ပသွားဖိလစ်ပိုင်အလုပ်သမားများ သက်သာချောင်ချိမှု ကြီးကြပ်ရေးဌာန၏ အကြီးအကဲဖြစ်သည်။ အီရတ်တွင် ကန်ထရိုက်စာချုပ်ဖြင့် လုပ်ကိုင်နေကြသော ဖိလစ်ပိုင်မိသားစုများ၏ လုံခြုံရေးကို အာမခံနိုင်ရေးကိစ္စမှာ မိမိတို့အတွက် ပထမဦးစားပေးလုပ်ငန်းပင်ဖြစ်သည်ဟု အင်ဂျီလိုက ပြောကြားသည်။

အီရတ်နိုင်ငံ၏ မတည်မငြိမ်ဖြစ်နေသော အခြေအနေများကြောင့် ဖိလစ်ပိုင်အလုပ်သမားများ အီရတ်နိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်နေသောကိစ္စကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားလိုက်သည့်အမိန့်ကို ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာကာပါဂဲလ်အာရိုယိုက ထုတ်ပြန်ခဲ့သည်။

လတ်တလောအခြေအနေတွင် အီရတ်၌ တာဝန်ထမ်းဆောင်နေသော ဖိလစ်ပိုင်စစ်ဘက်နှင့် ရဲဘက်တပ်ဖွဲ့ဝင်ပေါင်း ၅၁ ဦး ရှိသည်။ အီရတ်တွင် ဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုများအတွင်း ဖိလစ်ပိုင်လူမျိုး သုံးဦးသေဆုံးသွားပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြသည်။ အဆိုပါဖြစ်ရပ်များကြောင့် အီရတ်တွင်အလုပ်လုပ်နေကြသော ဖိလစ်ပိုင် အလုပ်သမားများကို မိခင်နိုင်ငံသို့ ပြန်ခေါ်ရန်အကြောင်းဖြစ်ပေါ်လာစေသည်ဟု ဆိုသည်။ အီရတ်သို့ သွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသော ဖိလစ်ပိုင်အရပ်သား စုစုပေါင်းသည် ၃၀၀၀ ခန့်ရှိလိမ့်မည်ဟု ခန့်မှန်းကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်၌ သီတင်းတစ်ပတ်အတွင်း ဒုတိယအကြိမ် အသေခံဗုံးဖောက်ခွဲ လူငါးဦးထက်မနည်း သေဆုံးပြီး အီရတ်ဒုတိယဝန်ကြီးတစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၃

ဘဂ္ဂဒက်မြို့၌ သီတင်းတစ်ပတ်အတွင်း ဒုတိယအကြိမ် အသေခံ၍ ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုတစ်ခု စနေနေ့က ထပ်မံဖြစ်ပွားရာ အနည်းဆုံး လူငါးဦးသေဆုံးသွားပြီး အများအပြား ဒဏ်ရာရရှိသွားသည်။

မေ ၂၂ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲရာနေရာ၌ လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ဒုတိယပြည်ထဲရေး ဝန်ကြီးသုံးဦးရှိသည့်အနက် ဒုတိယဝန်ကြီးတစ်ဦးဖြစ်သူ အဗ္ဗဒူလ်ဂျာဗားယူဆွတ်အလ် ရှိတ်လီ၏အိမ်ရှေ့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ထိုပေါက်ကွဲမှုကြောင့် ရှိတ်လီမှာလည်း ဒဏ်ရာရရှိသွားကြောင်းသိရသည်။ အခြေအနေမှာ တည်ငြိမ်မှု ရှိနေကြောင်း ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဆိုသည်။

သေဆုံး

အမေရိကန်တို့က ခန့်အပ်ထားသော အီရတ် အုပ်ချုပ်ရေးကောင်စီအကြီးအကဲ အီဇာဒင်စလင်းမှာလည်း ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ကားဗုံးခွဲသည့်နည်းဖြင့်ပင် အတိုက်အခိုက်ခံရ၍ သေဆုံးခဲ့ရသည်။

သေဆုံးသူများထဲတွင် သက်တော်စောင့်အဖွဲ့မှ အများအပြားပါဝင်သည့်အပြင် ဒဏ်ရာရရှိသူများထဲတွင်လည်း ရှိတ်လီ၏မိသားစုဝင်များ ပါဝင်ကြောင်းသိရသည်။

အီရတ်ရှိ အထက်တန်းအရာရှိတိုင်းသည် သွားလာကြရာ၌ သက်တော်စောင့်အများအပြားနှင့် သွားလာတတ်ကြသည်။ သို့ရာတွင် အသေခံဗုံးခွဲမှုမျိုးနှင့်ကြုံကြရသောအခါ ထိုသက်တော်စောင့်များမှာလည်း မည်သို့မျှ မတတ်နိုင်ဘဲ ရှိကြသည်ဟု ကယ်ရော်လင်းဟော်လေးက သတင်းပေးသည်။ ၎င်းမှာ ဘဂ္ဂဒက်ရှိဘီဘီစီ သတင်းထောက်ဖြစ်သည်။

ပြန့်ကျဲ

စနေနေ့က ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုတွင် ကားအများအပြားပျက်စီးသွားပြီး လမ်းမပေါ်တွင် အပျက်အစီးများနှင့် ပြန့်ကျဲကုန်သည်။

ပေါက်ကွဲမှုကြောင့် သေဆုံးရသူများကို အခင်းဖြစ်ပွားရာနေရာအနီး ပန်းချံတွင် အဝတ်များဖြင့်အုပ်၍ထားသည်ကို တွေ့ရကြောင်း ရိုက်တာသတင်းထောက်ကသတင်းပို့သည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လူနာတင်ယာဉ်များ၊ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲများရောက်ရှိလာကြသည်။

စိုးရိမ်

ယခုကဲ့သို့ ဖောက်ခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလာမည်ကို အီရတ်များနှင့် အပေါင်းပါအဖွဲ့များက စိုးရိမ်လျက်ရှိကြသည်။

အင်တာနက်။

ကန်နှင့်အပေါင်းပါများသည် အီရတ်ကိုဖျက်ဆီးရန် လာခြင်းဖြစ်ရန်သူကို နေရာမရွေး တွန်းလှန်တိုက်ခိုက်သွားကြမည်

နာဂျက်ဖ်(အီရတ်) မေ ၂၃

မိမိအနေဖြင့် အမေရိကန် တပ်ဖွဲ့ဝင်များ မည်သည့်နေရာတွင်တိုက်ခိုက်ရစေကာမူ ထူးခြားမှုမရှိကြောင်း ပြောက်ကျား တစ်ဦးဖြစ်သူ ဆလာဂျေဘူရီက နာဂျက်ဖ်ရှိ အဆောက်အအုံတစ်ခုတွင် ပြောကြားသည်။

နိုင်ငံ၏ဂုဏ်သိက္ခာထိပါးမှုအတွက် ကာကွယ် တွန်းလှန်သူများအနေဖြင့် နာဂျက်ဖ်သို့တည်းမဟုတ် ဖော်လူဂျာမြို့ရှိ တိုက်ခိုက်မှုများအပေါ် အရေးမထားကြောင်း၊ မိမိတို့သည် တစ်မျိုးတည်းသော ရန်သူကို တိုက်ခိုက်နေဆဲသာဖြစ်ကြောင်း ဆွန်နီတစ်ဦးဖြစ်သူ ဂျေဘူရီကပြောကြားသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ချင်းနင်းဝင်ရောက်ခဲ့ပြီးနောက် အီရတ်နိုင်ငံတွင် ရှီးယိုက်နှင့် ဆွန်နီဟူ၍ နှစ်ခြမ်းကွဲခဲ့ကြသည်။

ဆွန်နီတြိဂံမှ ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များအား စတင်တိုက်ခိုက်ခြင်းကြောင့် အဆိုပါ ခွဲခြားမှုသည် ပိုမိုနက်ရှိုင်းလာပြီး ဆက်ဒမ်၏ သစ္စာခံများက အီရတ်နိုင်ငံအား ဆယ်စုနှစ်အတန်ကြာ စိုးမိုးခဲ့သည့် ဆွန်နီများက အာဏာပြန်လည်ရရှိရန် ကြိုးပမ်းနေသည်ဟူသော စိုးရိမ်စိတ်များ ရှီးယိုက်များတွင် တဖွားဖွားပေါ်ပေါက်ခဲ့သည်။

ရှီးယိုက်ခေါင်းဆောင် အယ်ဆာဒါက လွန်ခဲ့သည့်လအတွင်း အမေရိကန်၏ တော်လှန်ပုန်ကန် တွန်းလှန်မှုဖြစ်ပွားပြီးနောက်တွင် ရှီးယိုက်နှင့် ဆွန်နီများ စိတ်ဝမ်းကွဲမှု လျော့ပါးလာသည်။

အီရတ်နိုင်ငံကို ကာကွယ်ခြင်းမှာ မည်သည့်ဂိုဏ်းဂဏကွဲပြားမှု မဖြစ်ခင်ကတည်းက ၎င်းတို့၏ ယုံကြည်ချက်များမှာ ရှိပြီးဖြစ်ကြောင်း ဆွန်နီနှင့် ရှီးယိုက် တွန်းလှန်တိုက်ခိုက်ရေးသမားများက ပြောကြားကြပြီး အချင်းချင်းကွဲပြားမှုမှာ အမေရိကန် သိမ်းပိုက်ရေးသမား များကြောင့်ဖြစ်ကြောင်း အပြစ်ဖို့ကြသည်။

— လွှင့်ထုနိုင် —

အီရတ် ကျူးကျော်သိမ်းပိုက်ရေးသမားများသည် အီရတ်ကို ဖျက်ဆီးရန် လာကြခြင်းဖြစ်ကြောင်း၊ မိမိတို့မှာ တစ်ခုတည်းသော လူမျိုးဖြစ်ပြီး အီရတ်နိုင်ငံတစ်ဝန်းတွင် ဆက်လက် တိုက်ခိုက်ကြမည်ဖြစ်ကြောင်း ဂျေဘူရီ၏ ရဲဘော်ရဲဘက်ဖြစ်သူ ဟိုက်တာဟူစိန်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုကို အမေရိကန်ကမ်းရိုးတန်း အစောင့်တပ်ဖွဲ့အဝင်ဝတွင် မေ ၁၉ ရက်က အမေရိကန်နိုင်ငံသားများ ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိမိသေလျှင်သော်မှ ကန်တို့ကို ဆက်လက်တိုက်ပွဲဝင် အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါ ပြောကြား

ကူဖာ (အီရတ်) မေ ၂၃

မိမိတို့လက်နက်ကိုင်များအနေဖြင့် မိမိအသက်ဆုံးရှုံး သွားပြီးသည့်တိုင် ဆက်လက် တိုက်ခိုက်နေကြမည်ဖြစ်ကြောင်း တွန်းလှန်တိုက်ခိုက်ရေးသမား ရှီးယိုက်ခေါင်းဆောင်အယ်လ်ဆာဒါက သောကြာနေ့ တရားဟောပွဲကျင်းပနေစဉ်အတွင်း ၎င်းအားထောက်ခံသူများအား ပြောကြားသည်။

၎င်း၏ လက်နက်ကိုင်တပ်သားများသည် အီရတ်နိုင်ငံရှိ ဘာသာရေးမြို့များတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်လျက်ရှိသည်။ မိမိသေဆုံးမှုကြောင့် တွန်းလှန်တိုက်ခိုက်မှု အဆုံးမသတ်သင့်ကြောင်း၊ နာဂျက်ဖ်မြို့အနီးကူဖာဒေသရှိ ဝတ်ပြုဆုတောင်းသူများအား ပြောကြားသည်။

ဖြစ်ပွား

အမေရိကန်တပ်ဖွဲ့များနှင့်ဆာဒါ၏ မီဒီလက်နက်ကိုင်တပ်သားများအတွင်း တိုက်ခိုက်မှုများ ဖြစ်ပွားနေကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်တွင် အနောက်နိုင်ငံများမှ တပ်ဖွဲ့ဝင်များ ရောက်ရှိနေမှု တီဟီရန်မြို့၌ ဗြိတိသျှသံရုံးကို ခဲများဖြင့် ပစ်ပေါက်ဆန္ဒပြကန့်ကွက်

တီဟီရန် မေ ၂၃

အီရတ်နိုင်ငံတွင် အနောက်အုပ်စုဝင်နိုင်ငံများမှ တပ်ဖွဲ့ဝင်များ ရောက်ရှိနေမှုအပေါ် ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့် အီရန်နိုင်ငံမှ ဆန္ဒပြသူများသည် မြို့တော်တီဟီရန်ရှိ ဗြိတိသျှသံရုံးကို မီးလောင်ဗုံးများနှင့် ကျောက်တုံး ကျောက်ခဲများဖြင့်ပစ်ပေါက်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းဆန္ဒပြမှုမှာ ရက်သတ္တပတ် မပြည့်မီတွင် တတိယအကြိမ်အဖြစ် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

စစ်ပွဲဆန့်ကျင်

မီးလောင်ဗုံးများသည် သံရုံးအပြင်ဘက်တွင်ကျရောက်ခဲ့ကြပြီး ယင်းလုပ်ရပ်သည် အီရန်နိုင်ငံတွင် မကြာမီကာလအတွင်း အီရတ်စစ်ပွဲဆန့်ကျင် ဆန္ဒပြမှုတွင် အဓိကလှုပ်ရှားမှုအဖြစ် ပေါ်ပေါက်လာကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ သောင်းချီရှိသည့် ဆန္ဒပြသူများသည် နိုင်ငံတော်က ကြီးမှူးကျင်းပခဲ့သည့် အီရတ်ဆန့်ကျင်ရေး လူထုဆန္ဒပြပွဲတွင် စောစောပိုင်းက ပါဝင်ခဲ့ပြီးနောက် ဆန္ဒပြသူ ၅၀၀ခန့်ရှိလူအုပ်သည် ဗြိတိသျှ သံရုံးအပြင်ဘက်သို့ စုရုံးရောက်ရှိလာကြသည်။

မိမိတို့က ဗြိတိသျှသံရုံးအမြန်ပိတ်ရေးကို လိုလားကြကြောင်းဖြင့် သံရုံးရှေ့၌ လူအုပ်ကြီးက ဟစ်ကြွေးကြသည်။ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားရေးမူဝါဒအပေါ် အီရန်ပြည်သူများက ဒေါသဖြစ်နေမှုကို ဗြိတိသျှသံရုံးက ရင်ဆိုင်နေရသည်။

ဆန္ဒပြမှုမှာ အထိုက်အလျောက် ငြိမ်းငြိမ်းချမ်းချမ်းရှိကြောင်း၊ ယခင်ရက်များက ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုနှစ်ခုကဲ့သို့မဟုတ်ကြောင်း ဗြိတိသျှသံတမန်တစ်ဦးက ပြောကြားသည်။

လူစုခွဲ

သံရုံးတစ်ဝိုက်ရှိ အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များက နံပါတ်တုတ်များ အသုံးပြု၍ လူစုခွဲခဲ့ကြသည်။

အီရတ်နိုင်ငံရှိ မြင့်မြတ်သည့်နေရာများကို ကာကွယ်စောင့်ရှောက်ရေးအတွက် မိမိတို့ အသက်စွန့်လွှတ်ရန် အသင့်ရှိကြောင်း ဆန္ဒပြသူများက ကြွေးကြော်ကြသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁၉ ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ အမေရိကန်တပ်ဖွဲ့ ဌာနချုပ်ရှေ့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၁ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပျက်စီးနေသော အဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၃ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်တစ်လုံးကို အီရတ်မိသားစုက ရှင်းလင်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီ ရတ် မြင် ကွင်း

မေ ၂၃ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကန်တပ်ဖွဲ့၏ စိန်ပြောင်းကျည်ထိမှန်ခံခဲ့ရသော နေအိမ်မှ ဒဏ်ရာရရှိသည့်မိသားစု ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၂ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကန်တပ်ဖွဲ့၏ စိန်ပြောင်းကျည် ထိမှန်ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦးကို မေ ၂၂ ရက်က ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အလေးထားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများ အနက် တစ်ခုဖြစ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းမဒေသရှိ ဘိန်းအစားထိုး နှစ်ရှည်ပင်စိုက်ခင်းများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-နယ်စပ်/စည်ပင်)*

နေပြည်တော်မြို့နယ် စံကင်း-ကလော့သော့ ကျေးလက်ကျောက်ချော လမ်းပေါ်တွင် ဆောက်လုပ်ထားသည့် ပကွန်ချောင်းကူးတံတားကို တွေ့ရစဉ်။ *(ဓာတ်ပုံ-နယ်စပ်/စည်ပင်)*



နွေရာသီတွင် ရေငန်ဝင်ရောက်ခြင်းနှင့် မိုးနှောင်းရာသီတွင် ရေချိုထိန်းသိမ်းခြင်းအပြင် ရေနက်ကွင်း ဧက ၂၂၀၀၀ကျော် အကျိုးပြုမည့် ပေါင်မြို့နယ်မှ ကျုံထော်ရေထိန်းတံခါးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-သတင်းစဉ်)*

နယ်စပ်နှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေး

မလှိုင်မြို့နယ် မြစ်ကျင်း စံပြ ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် တွင်းတူးစက်ကြီးဖြင့် တူးဖော် ပေးနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-နယ်စပ်/စည်ပင်)*



အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မတော်ဆေးရုံကြီးနှင့် တပ်မတော်အရိုးကုဆေးရုံကြီးတို့တွင် တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား အားပေးစကားပြောကြား

ရန်ကုန် မေ ၂၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ညနေပိုင်းတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် တပ်မတော်အရိုးကုဆေးရုံကြီး(ခုတင်-၅၀၀)တို့သို့ သွားရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား ကြည့်ရှု၍ အားပေးစကားပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ အထူးကုသဆောင်တွင် တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေသော အမျိုးသားညီလာခံကိုယ်စားလှယ်ဖြစ်သည့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးရှောင်ဝါဒေါင်လွမ်းအား ကျန်းမာရေးအခြေအနေများ ကြည့်ရှုအားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြိုဆို

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ရောက်ရှိကြရာ ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်မောင်၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းသိန်း၊ တပ်မတော်ဆေးရုံကြီး တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်၊ ဒုတိယတပ်မှူးနှင့် ပါရဂူ/ဌာနမှူးများက ကြိုဆိုကြသည်။

အားပေးစကားပြောကြား

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အထူးကုသဆောင်၌ တက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြသော တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးကျော်အေးနှင့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးရှောင်ဝါဒေါင်လွမ်းတို့အား တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားကြပြီး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ဆေးဝါးကုသမှု ခံယူလျက်ရှိသော ညီလာခံကိုယ်စားလှယ်များအား ပေးအပ်သည်။

ထိုမှ တစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တပ်မတော်အရိုးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ ရောက်ရှိကြရာ တပ်မတော်အရိုးကုဆေးရုံကြီး တပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်း၊ ပါရဂူများနှင့် သူနာပြုအုပ်တို့က ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အထူးကြပ်မတ်ကုသဆောင်၌ တက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေသော တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် ဦးသိန်းလွင်အား တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ညီလာခံကိုယ်စားလှယ် ဦးသိန်းလွင်အား ပေးအပ်ပြီး တပ်မတော်အရိုးကုဆေးရုံ ကြီးမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ဆွေးနွေးမှာကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ၌ လုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြသည့်စာတမ်းများကို ညီလာခံကိုယ်စားလှယ်များအတွက် ရိုက်နှိပ်ဖြန့်ဝေရေးကိစ္စ၊ ညီလာခံကိုယ်စားလှယ်မှတ်တမ်းပြုစုရေးကိစ္စ၊ ညီလာခံကိုယ်စားလှယ်များ နေထိုင်စားသောက်မှုအတွက် လိုလေသေးမရှိ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ရေးကိစ္စ စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ခွင့်ကိစ္စ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ညီလာခံကိုယ်စားလှယ်များ မလွှဲမရှောင်သာသည့်ကိစ္စများဖြင့် ခွင့်ပန်ကြားသည့်ကိစ္စနှင့် ညီလာခံကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက ညီလာခံကိုယ်စားလှယ်များ၏ အစုအဖွဲ့အလိုက် ဆွေးနွေးမည့် စာတမ်းများပြုစုရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညီလာခံကိုယ်စားလှယ်များ နေထိုင်စားသောက်ရေးကိစ္စ၊ ဝန်ထမ်းများကျွေးမွေးရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းစီမံ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်မည်

ရန်ကုန် မေ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့ပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ်ဖြစ်သော ရန်ကုန်တိုင်း သဃ်န်းကျွန်း မြို့နယ် (၁၆/၂)ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အရှင်သုန္ဒရ(ဒသမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ)အား ဂုဏ်ပြုချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၆၆ ခုနှစ် နယုန်လဆန်း ၁၂ရက်၊ မေ ၃၀ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါ ကျောင်းတိုက်၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ကြောင်းနှင့် ဂုဏ်ပြုလှူဒါန်းလိုသူများ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ဖုန်း-၅၆၅၆၂၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ကြည့်ရှုအားပေး

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့က မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၄

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေး အတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှ စတင်ကာ ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင်မင်းသမီးများဖြစ်ကြသော မြင့်မြင့်ကြည် နှင့် ခိုင်သဇင်သင်း၊ လူရွှင်တော်များဖြစ်ကြသော ပန်းသီး၊ ပေါက်စီ၊ ဂျိုးသိန်းနှင့် ဆီးသီးတို့ပါဝင်သည့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနအငြိမ့်အဖွဲ့က ဖျော်ဖြေတင်ဆက်သည်။

ယင်းသို့ ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့ ဖျော်ဖြေတင်ဆက်အပြီးတွင်အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်အောင်မြင့်က ချီးမြှင့်ပြီး ရန်ကုန်တိုင်းမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်ဒေါက်တာခင်ရွှေက ဂုဏ်ပြုဆုငွေများချီးမြှင့်ရာ ခေါင်းဆောင်မင်းသမီးမြင့်မြင့်ကြည်က လက်ခံသည်။

(သတင်းစဉ်)

ချီးမြှင့်

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့က မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ကချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်အောင်မြင့် ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဧည့်လမ်းညွှန်လိုင်စင် အသစ်လဲလှယ်ရန်နှိုးဆော်

ရန်ကုန် မေ ၂၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှထုတ်ပေးထားသော ဧည့်လမ်းညွှန်လိုင်စင်ရင်ထိုးကတ်ပြား အသေးများကို ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်သဖြင့် ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်ကိုင်ဆောင်ထားသူများအနေဖြင့် ဧည့်လမ်းညွှန် လိုင်စင်ကတ်ပြားနှစ်ခုနှင့် အတူ ရောင်စုံဓာတ်ပုံ(၁)ပုံတို့ဖြင့် ၂၀၀၄ခုနှစ် ဇွန် ၁ ရက်မှစတင်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ခရီးသွားလာရေးကြီးကြပ်မှုဌာနခွဲသို့ အမြန် လာရောက်ဆက်သွယ်လဲလှယ်ရန် အကြောင်းကြား နှိုးဆော်ထားသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေး သီတင်းပတ်

မေလ၏ နောက်ဆုံး သီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (၁၅)ကြိမ်မြောက် ငွေလှူဒါန်းမည်

ရန်ကုန် မေ ၂၄

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ၏ (၁၅)ကြိမ်မြောက် ပွဲစားကြီး ဦးမောင်ကြီး ဂေါပကအဖွဲ့၏ အလှူတော်ငွေ လှူဒါန်းပွဲကို ဇွန် ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် အမှတ်(၇၇) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်ရှိ အသင်းတိုက်တွင်ကျင်းပမည်ဖြစ်ပြီး မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၊ အမရပူရမြို့ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ မုံရွာမြို့ မဟာဇောတိကရာမတိုက်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းနှင့် ရန်ကုန်မြို့ (YMBA) အသင်းတို့သို့ အက်ဖ်အီးစီငွေ ၂၀၉၇၅ကို လှူဒါန်းကြမည်ဖြစ်သည်။ (၂၃)

ဂုဏ်ပြုဆုငွေ

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အငြိမ့်အဖွဲ့က မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်ရာ ရန်ကုန်တိုင်းမှအမျိုးသား ညီလာခံကိုယ်စားလှယ်ဒေါက်တာ ခင်ရွှေက ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၇။ နတ်သားတောရေလျှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammer Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ EnglishforEverydayUse.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အထူးပြုအားလုံး)(အင်္ဂလိပ်စာ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၃၀ ၇။ မန်းချောင်းတံတား
- ၅:၃၅ ၈။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၄၅ ၉။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၅:၅၅ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၇:၂၀ ၁၄။ ရခိုင်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
- ၇:၃၀ ၁၅။ မွန်ပြည်နယ်(အပိုင်း-၁)
- ၇:၄၀ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၃၉)**
- ၂၁။ Calcio Serie A Highlight.
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

သာသနာ့လင်းရောင်ခြည်ဓမ္မာရုံ အထူးတရားပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၄

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာအနောက်ပိုင်းလုံးဆိုင်ရာ သာသနာ့လင်းရောင်ခြည် ဓမ္မာရုံတွင် တရားပွဲကို ကျင်းပမည်ဖြစ်ရာ ဇွန် ၁ရက်မှ ဇွန် ၂ရက်အထိ ဓမ္မကထိက မိုးကုတ်ရွှေမန်း ဦးသူရိယ (ဓမ္မကထိက ဗဟုဇနဟိတရေ) ဆရာတော်က လည်းကောင်း၊ ဇွန် ၃ရက်မှ ၅ရက်အထိ ဓမ္မကထိက မဟာဓမ္မာစရိယ M.A (Buddhism) ဓမ္မစေတီဆရာတော် ဘဒ္ဒန္တ ကောသလ္လ ဆရာတော် အရှင်သူမြတ်ကလည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ရပ်ရွာအေးချမ်းသာယာရေး ပြည်သူ့စွမ်းအားဖြင့် ဆောင်ရွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အင်တိုက်အားတိုက်ပါဝင်

ရန်ကုန် မေ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၂ရက်နှင့် ၂၃ရက်တို့တွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင်၊ ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲစခန်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် မေ ၂၂ရက်မွန်းလွဲ၁နာရီတွင်ညောင်တုန်းမြို့နယ် ဗိုလ်မြတ်ထွန်းတံတားရိပ်သာ၌ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့၊ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် အတူ မအူပင်ခရိုင်အတွင်းရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ခရိုင်/မြို့နယ်အဆင့်ဌာနတာဝန်ခံအရာရှိများအား တွေ့ဆုံ၍ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်နှင့် အမျိုးသားညီလာခံ အောင်မြင်ရေးအတွက် အသိစိတ်ဓာတ်အပြည့်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ရေး၊ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူ့စွမ်းအားများဖြင့် ကြိုတင်ကာကွယ်ဆောင်ရွက်ရေး၊ လယ်ယာနှင့် စက်မှုကုန်ထုတ်လုပ်ငန်းခွင် လုံခြုံရေးကို အထူးဂရုပြု ကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် ညနေ ၄ နာရီတွင် ဟင်္သာတမြို့ အကျဉ်းဦးစီးဌာနရိပ်သာ၌ ဟင်္သာတခရိုင်အတွင်းရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ခံအရာရှိများအား တွေ့ဆုံ၍ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းပြီး အသေးစိတ်မှာကြားသည်။

မှာကြား

ဝန်ကြီးသည် မေ ၂၃ ရက်တွင် လေးမျက်နှာမြို့နယ် ကွင်းကောက်နှင့် သဲနုကုန်းရဲစခန်းများကိုလည်းကောင်း၊ ရေကြည်မြို့နယ်ငသိုင်းချောင်း၊ရေကြည်၊ အသုတ် ရဲစခန်းများကိုလည်းကောင်း၊ နေအိမ်လိုင်းခန်းများကို လည်းကောင်း အသေးစိတ် ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်မိသားစုများနှင့် ရင်းနှီးစွာတွေ့ဆုံ၍ တည်ဆောက်ရေး တာဝန်(၄)ရပ်ဖြင့် နိုင်ငံတော် ကာကွယ်ရေး၊ အရန်အင်အားစု တည်ဆောက်ရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထုက ယုံကြည်အားကိုးရသည့် ဂုဏ်သိက္ခာရှိသော ရဲတပ်ဖွဲ့ဝင်များ ဖြစ်စေရေး၊ ရဲကျင့်ဝတ်အတိုင်း တိကျစွာ စောင့်ထိန်းလိုက်နာကျင့်သုံးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး၊ မိမိလုပ်ငန်းတာဝန်များကို စေတနာထား ဆောင်ရွက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် မိသားစုသက်သာချောင်ချိရေးအတွက် အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရေကြည်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၅၀၀ ခန့်နှင့်တွေ့ဆုံပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စေတနာထား၍ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှာကြားသည်။

ခရီးစဉ်အတွင်း ဝန်ကြီးသည် ရေကြည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ကွန်ပျူတာတစ်လုံးကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာ အဖွဲ့များသို့ အလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်ကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် မဂ္ဂဇင်းစာအုပ်စာတမ်းများကိုလည်းကောင်း လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ကွင်းကောက်ရဲစခန်း မိသားစုနေအိမ်လိုင်းခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပြည်ထဲရေး)

အထူးကုဆရာဝန်ကြီးများ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျန်းမာရေးစစ်ဆေးကုသ

ရန်ကုန် မေ ၂၄

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အကြောအဆစ် ပြန်လည်သန်စွမ်းရေး အထူးကုဌာနမှ ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးသန်းတိုးနှင့် ဒေါက်တာပင်ဒိုရာအောင်ကြီးတို့ ဦးဆောင်သော အဖွဲ့ဝင် ၂၀ဦးပါဝင်သည့် အထူးကုအဖွဲ့သည် မေ ၂၃ ရက်က ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ အဘိုး ၂၉ဦးနှင့် အဘွား ၅၀ဦးတို့အား အထူးအစီအစဉ်ဖြင့် လာရောက်၍ ကျန်းမာရေးစစ်ဆေးကုသပေးသည်။ **(အောက်ပုံ)** (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၄-၂၀၀၅ခုနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၂၄ ရက်က သင်္ဃန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌများအား ပေးအပ်စဉ်။ (၅၀၆)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်ဆိုင်နှင့် သစ်အခြေခံစက်ရုံများ စစ်ဆေး

ရန်ကုန် မေ ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်းအတွင်း သစ်ခွဲသားများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသော သစ်တောရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် ရန်ကင်းသစ်ဆိုင်၊ တောင်ဥက္ကလာပသစ်ဆိုင်၊ မြောက်ဥက္ကလာပသစ်ဆိုင်နှင့် ရွှေပေါက်ကံသစ်ဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သစ်ခွဲသားများ ဖြန့်ဖြူးရောင်းချပေးနေမှု အခြေအနေများကို စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရွှေပြည်သာနှင့် ဝါးတရာစက်မှုဇုန်ရှိ ပုဂ္ဂလိကပိုင် "ထူး" သစ်အခြေခံစက်ရုံ၊ "ရွှေမဲ"နှင့် "ဟိန်းစိုး"သစ်အခြေခံစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပြည်ပဝင်ငွေတိုးမြှင့်ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန်၊ လိုအပ်သည့် စက်ကိရိယာများ ရင်းနှီးမြှုပ်နှံကြရန်နှင့် လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းစီစဉ်ပေးသည်။

ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း အမှတ်(၅) ပရိဘောဂစက်ရုံသို့ သွားရောက်ပြီး စက်ရုံ၏ ကုန်ချောထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ သစ်အချောထည်ရောင်းချခြင်းမှ ပြည်ပဝင်ငွေ ပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ အလေအလွင့်နည်းပါးအောင် စီစဉ်ဆောင်ရွက်ကြရန်နှင့် စည်းကမ်းစနစ်ရှိစေရန် မှာကြားသွားသည်။ (သတင်းစဉ်)

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)သို့ အနုပညာပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၄

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တွင် ဂီတပညာ သင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာဆရာမများ လေ့လာအသုံးပြုနိုင်ရန်ရည်ရွယ်၍ အနုပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အနုပညာဦးစီးဌာန အကြံပေးအရာရှိ ဦးခင်မောင်တင်(မဟာဂီတ)က မွေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာပန်းကနုတ်ဖော်ထားသော ကျွန်းသားဝါးပတ္တလားတစ်စုံ၊ အရှေ့တိုင်းနှင့် အနောက်တိုင်းဆိုင်ရာ ရှားပါးသော ရိုးရာဂီတနှင့် ဂန္ထဝင်တေးဂီတ စီဒီချပ်များ၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ရိုးရာအကများနှင့် တေးဂီတဆိုင်ရာ ဗီဒီယိုတိပ်ခွေများ၊ စာအုပ်စာတမ်းများ စုစုပေါင်းတန်ဖိုး ကျပ်ခြောက်သိန်းခန့်ကို ယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခချုပ် ဦးတင်စိုးထံ မေ ၁၉ရက်က ပေးအပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ ယဉ်ကျေးမှုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဂီတဌာနမှုကထိကများ၊ လက်ထောက်ကထိကများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ် ဦးတင်စိုးက ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (၆၇)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - FINANCE (စီးပွားရေး၊ စီးပွားစီမံ)
- ၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်" (အပိုင်း-၁၄)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်က လှုပ်ရှားတေးသမား" (အပိုင်း-၃)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

★ **စစ်ကိုင်းတိုင်းမှ**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး လိုက်ပါလျက် ကလေးတပ်နယ် အောင်ဆန်းခန်းမသို့ ရောက်ရှိကြပြီး ကလေးခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ အမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ဗိုလ်မှူးကြီးညီထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်မိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးအောင်စောနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးအောင်စောက ကလေးမြို့နယ်၏ မြေအသုံးချမှု အခြေအနေ၊ ဆည်၊ ကန်၊ ရေတံခါး၊ ချောင်းပိတ်၊ မြောင်းပိတ်နှင့်ရေလွှဲတန်း ၇၄ခုတို့က လယ်ယာမြေဧက ၄၅၄၅၆ ဧကကို အကျိုးပြုနိုင်မှုအခြေအနေ၊ ၂၀၀၃-၂၀၀၄ခုနှစ်တွင် မိုးစပါး ၁၁၇၉၀၃ဧက စိုက်ပျိုးနိုင်ရန် လျာထားသတ်မှတ်ထားရာ ၁၂၂၉၃၈ဧက စိုက်ပျိုးနိုင်မှုနှင့် နှမ်းစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုချောင်သီးနှံနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်မှုအခြေအနေ၊ ကလေးမြို့နယ်၏ ၂၀၀၄-၂၀၀၅ခုနှစ် ဧပြီလအထိ စီမံကိန်းအကောင်အထည်ဖော်နိုင်မှုနှင့် တိုးတက်မှု အခြေအနေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်က ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ် အပါအဝင် ကလေးခရိုင် တစ်ခုလုံး၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများက မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ကလေးခရိုင်သည် စစ်ကိုင်းတိုင်း တစ်ခုလုံးအနေဖြင့် ကြည့်မည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှုကောင်းမွန်သော ခရိုင်တစ်ခုဖြစ်ကြောင်း၊ မြို့နယ်များအနေဖြင့်မူ ဖွံ့ဖြိုးတိုးတက်မှု အနည်းအများ ကွာဟမှုရှိနေသေးကြောင်း။

ယခုအခါ နိုင်ငံတော်က ချင်းပြည်နယ်တောင်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ပခုက္ကူမြို့ကို အခြေခံထားဆောင်ရွက်နေသကဲ့သို့ ချင်းပြည်နယ်မြောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးမြို့ကို အခြေခံထားရှိပြီး ဒေသဖွံ့ဖြိုးရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ကလေးမြို့နှင့် ကလေးခရိုင်အတွင်းရှိ ဌာနဆိုင်ရာများအနေဖြင့် မြို့နယ်၊ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် စွမ်းဆောင်ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

ထို့အပြင် မုံရွာ-ကလေးဝ-မော်လိုက် ကားလမ်း၊ ကနီ-မင်းကင်း ကားလမ်းများ အဆင့်မြှင့်တင် ဖောက်လုပ်နေပြီဖြစ်ရာ စစ်ကိုင်းတိုင်း၏ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း၊ ကလေးမြို့သည် ချင်းပြည်နယ်မြောက်ပိုင်းနှင့် ဆက်သွယ်ရာတွင် အချက်အချာဒေသဖြစ်ကြောင်း။

လေ့လာသုံးသပ်

အလားတူ ဂန့်ဂေါ-ဟားခါးလမ်း၊ ဂန့်ဂေါ-ကလေးလမ်း၊ ဂန့်ဂေါ-အိုက်ကား-ရေစကြိုလမ်း တို့ကိုလည်း ကောင်းမွန်စေရန် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ မြို့နယ်အတွက် အခွင့်ကောင်းများဖြစ်ထွန်းလာမှုနှင့်အတူ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ခရိုင်အတွင်းရှိ အားနည်းနေသေးသည့် မြို့နယ်များအား ပြန်လည်လေ့လာသုံးသပ်ပြီး အားသာချက်များ ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြမှသာ ဖွံ့ဖြိုးမှုအရှိန်အဟုန် မြင့်မားမြန်ဆန်လာမှာဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရေး သတ်မှတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ မြို့နယ်တစ်ခုချင်းစီအလိုက် မြေလွတ်မြေရိုင်းနှင့် ပလပ်မြေများကို ဖော်ထုတ်ပြီး စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲလုပ်ကိုင်နိုင်အောင် ဆောင်ရွက်ကြရန်လည်း မှာကြားလိုကြောင်း၊ သို့မှသာ ချင်းပြည်နယ်မြောက်ပိုင်း ဒေသဆန် ဖူလုံရေးကို ထောက်ကူပေးနိုင်သည့် မြို့နယ်၊ ခရိုင်တစ်ခုဖြစ်လာမှာဖြစ်ကြောင်း။

ကွင်းဆင်းသွားရောက်

နိဂုံးချုပ်အနေဖြင့် ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူ အဆင့်ဆင့်အနေနှင့် ကျေးလက်ဒေသများသို့အရောက် ကွင်းဆင်းသွားရောက်ကြပြီး လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး စသည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ပေးကြပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တစ်ဖက်ကလည်း ထိုကဲ့သို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓာတ်အရင်းခံကာ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူထားရှိကြပြီး တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အေးအတူပူအမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကလေးမြို့ ကလေးတပ်နယ် အောင်ဆန်းခန်းမတွင် ကလေးခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကလေးမြို့ဆေးရုံကြီး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းနှင့် ဆရာဝန်များ၊ သူနာပြုများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် တိုးချဲ့နှစ်ထပ် လူနာဆောင် ဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း၊ ဆောက်လုပ်ပြီးစီးသွားသော နှစ်ထပ်ခွဲစိတ်ဆောင်၌ ခွဲစိတ်ခန်းသုံးကိရိယာများ တပ်ဆင်ထားရှိမှု၊ သားဖွားခန်းသုံး ခွဲစိတ်ကိရိယာများ တပ်ဆင်ထားရှိမှုတို့ကို လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့အား ခုတင် ၂၀၀ဆံ့ တိုးချဲ့ဆေးရုံ တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ဆေးရုံအုပ်ကြီးဒေါက်တာတင်ထွန်းက ကလေးမြို့ ဆေးရုံကြီး၌ နိုင်ငံတော်က ခေတ်မီဆေးရုံသုံး စက်ကိရိယာများ ပံ့ပိုးထားရှိမှု အခြေအနေ၊ ဆေးရုံကြီးတွင် လက်ခံကုသပေးသော လူနာများ အခြေအနေ၊ အထူးကုဆရာဝန်များ နယ်လှည့်ကွင်းဆင်းကုသခြင်းလုပ်ငန်း၊ ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ထားရှိမှု၊ အခမဲ့ ဆေးဝါးကုသခြင်း လုပ်ငန်းများအခြေအနေနှင့် ခုတင် ၂၀၀ ဆံ့ ဆေးရုံ၏ အင်္ဂါရပ်နှင့်အညီ အဆောက်အအုံ တိုးချဲ့ဆောက်လုပ်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် အထူးကြပ်မတ်ကုသဆောင် ICU ခန်းကို လည်းကောင်း၊ မျက်စိစမ်းသပ်ခန်း၊ သွားကုသခန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကလေးမြို့ ပြည်သူ့ဆေးရုံကြီးနှင့် ဝန်ထမ်းအိမ်ရာကို ဖြတ်ကူးရန် တည်ဆောက်ထားသည့် အရှည် ၇၂ပေ၊ အကျယ် ၁၈ပေရှိ ဥပုဒ်ချောင်းကူး ဘေလီတံတားကို လည်းကောင်း၊ ပြည်သူထည့်ဝင်ငွေဖြင့် ဆောက်လုပ်ထားသည့် နှစ်ထပ်သံဃာဆောင်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မြစ်သာတံတား(ကလေးဝ)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့သည် ကလေးမြို့မှ ကလေး-ကလေးဝ ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မွန်းတည့် ၁၂နာရီတွင် ကလေး-ကလေးဝ ကားလမ်းပေါ်ရှိ မြစ်သာတံတား (ကလေးဝ) တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့အား စစ်ကိုင်းတိုင်း အင်ဂျင်နီယာမှူးကြီးဦးကြည်ထွန်းက မြစ်သာတံတား (ကလေးဝ) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပြီး အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ကလေး-မော်လိုက်လမ်းဖောက်လုပ်ရေး တာဝန်ခံ ဗိုလ်မှူးအောင်ဌေးက ကလေးဝ-မော်လိုက်လမ်း အရှည် ၃၆မိုင်ကို ပေ ၄၀ အကျယ် မြေသားလမ်းချဲ့ထွင်ပြီးစီးမှု၊ လမ်းပိုင်းရှိ ရေပြွန်၊ရေကျော်၊ သစ်သားတံတားများဆောက်လုပ်မည့်အစီအစဉ်၊ စက်ယာဉ်ယန္တရားများ အခြေအနေနှင့် ကျောက်စုဆောင်းရရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် ခင်မောင်အေးတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ကလေးဝ-မော်လိုက်လမ်းပိုင်း ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူလုပ်ကိုင်နေသည့် ကျောက်ခင်းခြင်းလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကလေးဝ-မော်လိုက် လမ်းမိုင်တိုင် တစ်မိုင်ခုနစ်ဖာလုံ၌ ရေကျော်နေရာတွင် တံတားဆောက်ရန် စီစဉ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ချဲ့ထွင်ပြီးစီး

အဆိုပါ ကလေးဝ-မော်လိုက် ကားလမ်းသည် အရှည် ၃၆မိုင်ရှိပြီး မူလလမ်းဟောင်းကို ပေ ၄၀ အကျယ် ချဲ့ထွင်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ကလေးဝဘက်မှ ၁၈မိုင်နှင့် မော်လိုက်ဘက်မှ ၁၈မိုင်အနက် ကိုးမိုင်နှစ်ဖာလုံ ချဲ့ထွင်ပြီးစီးပြီဖြစ်ရာ ကျန်ရှစ်မိုင်ခြောက်ဖာလုံ မကြာမီ ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်လိုက်ဘက်မှ မြစ်သာတံတား (ကလေးဝ)သို့ ဝင်ရောက်မည့် လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မြစ်သာတံတား (ကလေးဝ)သို့ သွားရောက်ပြီး တံတားထိပ်မှ ကလေးဝ-မော်လိုက် လမ်းပိုင်း တံတား ချဉ်းကပ်လမ်းကို စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မြစ်သာတံတား (ကလေးဝ) ချဉ်းကပ်လမ်း မြေထိန်းနံရံအား ကွန်ကရစ်ဘလောက်တုံးများဖြင့် ဆောက်လုပ်နေမှုကိုလည်းကောင်း၊ တံတားကြီး၏ ပင်မကြိုး(Main Cable) နှင့် သံပန်းနံရံတပ်ဆင်နေမှုကို လည်းကောင်း၊ ပင်မတံတားပေါ်၌ နိုင်လွန်ကတ္တရာခင်းနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ မုံရွာဘက်ကမ်း ချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကလေးမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။(သတင်းစဉ်)

မိုင်းပတ်-ပန်ဆန်းလမ်း ကတ္တရာခင်း လုပ်ငန်းများပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေသည် တာဝန်ရှိသူများလိုက်ပါ၍ မေ ၁၂ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှထွက်ခွာရာ မွန်းလွဲပိုင်းတွင် တန့်ယန်းမြို့သို့ ရောက်ရှိသည်။ တန့်ယန်းမြို့ ကိုင်းကုန်းပရိယတ္တိ စာသင်တိုက်တွင် စာသင်သား သံဃာတော်များအတွက် သင်္ကန်းများနှင့် ဆွမ်းဆန်တော်၊ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် မန်မန်ဆိုင်သို့ရောက်ရှိ၍ ဒေသမှတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များညှိနှိုင်းသည်။ မေ ၁၃ရက် နံနက်ပိုင်းတွင် မန်မန်ဆိုင်မှထွက်ခွာရာ ကုန်းဆာရှိ မိုင်းပတ်-ပန်ဆန်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပန်ဆန်းမြို့တွင် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိုင်းပတ်-ပန်ဆန်းကားလမ်း ကတ္တရာလမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် ပန်ဆန်းမြို့မှ ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ဝိန်းကောင်မြို့သို့ ရောက်ရှိပြီး ဝိန်းကောင်တိုက်နယ်ဆေးရုံပြုပြင်ခြင်းလုပ်ငန်းနှင့် ကြေးနန်းရုံးတည်ဆောက်မှုလုပ်ငန်းများကို စစ်ဆေးသည်။ ထို့နောက် ဒေသမှတာဝန်ရှိသူများ၊ နယ်စပ်ဒေသဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၅-၂၀၀၄

မောင်တော	-	**၂ဒသမ ၄၄လက်မ**
ပြည်	-	**၂ဒသမ ဝ၉လက်မ**
စစ်တွေ	-	**၁ဒသမ ၇၇လက်မ**
မြိတ်	-	**၁ဒသမ ၇၇လက်မ**
မင်းဘူး	-	**၁ဒသမ ၅၇လက်မ**

❒ **ကျောဖုံးမှ**

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေးအကြို ညှိနှိုင်းအစည်းအဝေးကို နံနက် ၈နာရီ ၄၅မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၅)၌ကျင်းပရာ အလှည့်ကျသဘာပတိ ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်၊ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ ပဲခူးတိုင်း(အနောက်)မှ ဦးကျော်မျိုးဝင်း၊ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေး၊ မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းနှင့် အမျိုးသားညီလာခံအလုပ်သမားကိုယ်စားလှယ်ရာနှုန်းပြည့် တက်ရောက်ကြသည်။

ရှေးဦးစွာ အလှည့်ကျသဘာပတိ ဒေါက်တာမျိုးသန့်တင်က အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော အလုပ်သမားကိုယ်စားလှယ်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

အဖွဲ့ငယ်ငါးဖွဲ့ ဖွဲ့စည်း

ဆက်လက်၍ စာတမ်းပြုစုရေးအတွက် စာတမ်းပြုစုရေးအဖွဲ့ငယ်ငါးဖွဲ့ကို ဖွဲ့စည်းရာ အဖွဲ့ငယ်(၁)သည် ကာကွယ်ရေးနှင့် လုံခြုံရေး၊ နိုင်ငံခြားရေးကဏ္ဍကိုလည်းကောင်း၊ အဖွဲ့ငယ်(၂)သည် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍကိုလည်းကောင်း၊ အဖွဲ့ငယ်(၃)သည် စီးပွားရေး၊ စိုက်ပျိုးရေးနှင့် ပို့ဆောင်ရေးကဏ္ဍကို လည်းကောင်း၊ အဖွဲ့ငယ်(၄)သည် စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် စက်မှုလက်မှုကဏ္ဍကိုလည်းကောင်း၊ အဖွဲ့ငယ် (၅)သည် လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးကဏ္ဍကိုလည်းကောင်း အသီးသီးတာဝန်ယူစာတမ်းများ ပြုစုကြရန်သတ်မှတ်ကြသည်။

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေးကို မေ၂၅ရက်မှ စတင်၍ နေ့စဉ် နံနက် ၉နာရီမှ နံနက် ၁၁နာရီ တစ်ကြိမ်၊ မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီ တစ်ကြိမ် စာတမ်းများပြုစုရေးသားသွားကြမည်ဖြစ်သည်။

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို နံနက် ၈နာရီမိနစ် ၅၀တွင် ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ သဘာပတိအဖြစ် ညီလာခံကိုယ်စားလှယ် မြန်မာ့သမိုင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းနှင့် မြန်မာ့သမိုင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်ချိန်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့အစည်းအဝေးသို့ ကိုယ်စားလှယ်ပေါင်း၁၀၅ဦးရှိသည့်အနက် ကိုယ်စားလှယ် ၁၀၄ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၄ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိညီလာခံကိုယ်စားလှယ် မြန်မာ့သမိုင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်နှင့်ပတ်သက်ပြီး မိမိတို့အစုအဖွဲ့က စာတမ်းပြုစုရေးနှင့်ဖတ်ကြားတင်သွင်းရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဦးစောလှထွန်း၊ ဘုရားကုန်း အထူးဒေသအဖွဲ့မှ ဖဒိုအောင်ဆန်း၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ၊ ကချင်ပြည်နယ် အထူးဒေသ(၁)မှ ဦးချန်လန်း၊ မွန်ပြည်သစ်ပါတီမှ နိုင်အောင်နိုင်၊ ကယားပြည်နယ်အထူးဒေသ(၃)မှ ဦးစိန်းကောဒီယို၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP) ခွဲထွက်(ဟိုယာ)မှ ဦးလွီးဇီကျော်ကျော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)မှ ဦးစောထွန်းဦးနှင့် ရွှေပြည်အေး(MTA)အလင်းဝင်အဖွဲ့မှ ဦးစိုင်းခွမ်ဟိန်းတို့က စာတမ်းပြုစုရေးနှင့်ဖတ်ကြားတင်သွင်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ပြုစုပြီးသည့်စာတမ်းအချို့ကို သဘာပတိထံ အပ်နှံကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၄၅မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

တိုးပွားပြည်သာရန်–အမျိုးသားညီလာခံ

(တျာချင်း)

☆ ညီညာသောင်းဖြ၊ စုကြတူယှဉ်
သွေးချင်းသားချင်း၊ တိုင်းရင်းသားအကုန်ပင်
ပြည်ထောင်စုတစ်ခွင်၊ စုံစုံလင်ကိုယ်စားပြု
လက်တွဲဝန်းရံ၊ ညီလာခံ
ပြည်သာရန် ရေးရှုကြသည်နှင့်လေး။

☆ မြန်မာပြည်ထောင်စု၊ ဖွဲ့စည်းမှုအခြေခံ
သုံးသပ်ပိုင်းခြား၊ စဉ်းစား၍ဝေဖန်
အခြေခံမူချရန်၊ အပြန်အလှန်ဆွေးနွေး
ဒို့နိုင်ငံမြေ၊ တည်တံ့စေ
အခြေခံဥပဒေ ရေးနိုင်ဖို့ငယ်နှင့်လေး။

☆ မြန်မာ့လွတ်လပ်ရေး၊ သွေးချွေးရင်းတိုက်ယူ
သွေးချင်းစုံညီအောင်ပြု၊ ပြည်ထောင်စုအောင်လံထူ
စည်းလုံးမှုစံနမူ၊ တလူလူလွှင့်ကြ
အမျိုးသားညီလာခံ၊ အောင်မြင်ရန်
သန္နိဋ္ဌာန်ခိုင်ခိုင် ချသည်နှင့်လေး။

☆ စည်းကမ်းကျနု၊ မြန်မာ့ဒီမိုကရေစီ
မူဝါဒခုနစ်ရပ်၊ ချမှတ်တည်ဆောက်ပြီ
ပြည်ထောင်စုအစွန့်ရှည်၊ ဖွံ့ဖြိုးစည် ပန်းတိုင်လှမ်း
ချစ်ကြည်တူယှဉ်၊ အောင်ပွဲဆင်
ညောင်နှစ်ပင်ညီလာခံ စခန်းဆီကလေး။ ။

– ညီနောင်ပြု ဝေဖန်မှုတွေဖော်ညွှန်းတွေး၊
တိုးပွားပြည်သာရန်။ ။

– ပြည်ထောင်စု အခြေခံဥပဒေပေါ်ထွန်းရေး၊
အမျိုးသားညီလာခံ။ ။

တက္ကသိုလ်မြတ်သူ

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရေကူးဒိုင်လူကြီးသင်တန်းဖွင့်ပွဲ တက်ရောက်
တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့်အားကစားပစ္စည်းများ လက်ခံ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) သင်တန်းခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရေကူးဒိုင်လူကြီးသင်တန်း(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သို့ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း (မန်နေဂျင်းဒါရိုက်တာ–ILBC) လှူဒါန်းသော ငွေကျပ် သိန်း ၂၀၀ကို ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အားကစားဝန်ကြီးဌာနသို့ ယွမ်ငါးသန်းတန်ဖိုးရှိသော အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် လွှဲပြောင်းလက်ခံလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်၍ ယွမ်ငါးသန်း တန်ဖိုးရှိသော အားကစားပစ္စည်းများကို လွှဲပြောင်းလက်ခံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက ယွမ်ငါးသန်း တန်ဖိုးရှိသော အားကစားပစ္စည်းများလှူဒါန်းရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Counsellor Mr. Yu Boren တို့ လက်မှတ်ရေးထိုးကြစဉ်။ (အား/ကာ)

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Counsellor Mr. Yu Boren နှင့် အဖွဲ့ဝင်များ၊ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ Counsellor Mr. Yu Boren က အားကစားပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် Counsellor Mr. Yu Boren တို့က ယွမ်ငါးသန်း တန်ဖိုးရှိသော အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် လွှဲပြောင်းလက်ခံစာချွန်လွှာများကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီ အစည်းအဝေး ကျင်းပမည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (၅၅)ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ဇွန် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့် တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ (ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးမှူး)များ၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီ တပ်ဖွဲ့မှူး (ပြည်နယ်နှင့် တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူးများ)ထံ ဖိတ်စာများပေးပို့ထားသည်။

(သတင်းစဉ်)

ပန်းတနော်မြို့ပေါ်ရှိ စာသင်တိုက်များသို့ ရေချိုငါးပိများ လှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၄

ပန်းတနော်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ရေချိုငါးပိများ လှူဒါန်းပွဲအခမ်းအနားကို မေ ၁၈ရက် နံနက် ၉ နာရီက သာသနာ့ဟိတရာမ ပုခန်းကျောင်းတိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် သံဃနာယကအဖွဲ့(သုခမ္မာ) ဥက္ကဋ္ဌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး မအူပင်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့်ဇနီး၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်တင်တင်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးဦးတင်ထွန်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်ရွှေ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးကိုကိုလွင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအမှုဆောင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က နှစ်စဉ် ရေချိုငါးပိလှူဒါန်းရခြင်းအကြောင်း လျှောက်ထားပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံ ရေချိုငါးပိများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

၄၇၉ ပါး

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက် ခုနစ်တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ သွားရောက်၍ ရဟန်းသာမဏေ၊ သီလရှင် ၄၇၉ပါးတို့အတွက် ငါးပိ ပိဿချိန် ၅၀၀ကို ဆက်ကပ်လှူဒါန်းကြသည်။ (က–ပ)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပန်းလှိုင်မြစ်ကူးတံတားစီမံကိန်း စစ်ဆေး အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ အမြန်ပြီးစီးရေး မှာကြား

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်နှင့် ထန်းတပင်မြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်မြစ်ကူးတံတားစီမံကိန်းသို့ ရောက်ရှိပြီး ပန်းလှိုင်မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လေးက ပန်းလှိုင်မြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းတွင် သံကူကွန်ကရစ် ဘိုးပိုင်တိုင်များ ဆောင်ရွက်နေမှု၊ သံကူကွန်ကရစ်ရက်မများ ဆောင်ရွက်နေမှုနှင့် ပစ္စည်းများ စုဆောင်းရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ကိုယ့်ခွန်ကိုယ့်အား ကိုယ်ပိုင်အတတ်ပညာများကို အခြေခံပြီး တည်ဆောက်နေခြင်းဖြစ်၍ အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ အလေအလွင့်နည်းပါးစွာ အမြန်ပြီးစီးရေး တည်ဆောက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် လှိုင်သာယာမြို့နယ်ဘက်ကမ်းမှနေ၍ ပန်းလှိုင်မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းအတွင်း ရေလယ်သံကူကွန်ကရစ်ပိုင်တိုင်များဆောင်ရွက်နေမှု၊ သံကူကွန်ကရစ်ရက်မများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တံတားတည်ဆောက်ရေးတာဝန်ခံအင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လေးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပန်းလှိုင်မြစ်ကူးတံတားကြီး အမြန်တည်ဆောက်ပြီးသည်နှင့်အမျှ ပန်းလှိုင်မြစ်နှင့် တွံတေးတူးမြောင်းကြားရှိ ရပ်ကွက်များနှင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်၍ အမြန်ပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ပင်မတံတား

ယခုတည်ဆောက်လျက်ရှိသည့် ပန်းလှိုင်မြစ်ကူးတံတားသည် ပင်မတံတားအရှည်ပေ ၅၀၀၊ ချဉ်းကပ်တံတားများ အရှည်ပေ ၁၄၄၀ ရှိပြီး စုစုပေါင်းအရှည်ပေ ၁၉၄၀ ရှိသည်။ တံတားကြီး၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေရှိပြီး တစ်ဖက်လျှင် လူသွားလမ်းအကျယ် လေးပေစီပါရှိမည်ဖြစ်သည်။ တံတားအမျိုးအစားမှာ အောက်ထည် သံကူကွန်ကရစ်ဘိုးပိုင်တိုင်နှင့် အပေါ်ထည်



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်မြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မနှင့် အခင်းတို့ပါရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ် ၇၅ပေ၊ အမြင့်ဆုံးရေအမှတ် အထက် အမြင့်ပေ ၂၀ ရှိပြီး တံတားကြီး၏ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ရှိမည်ဖြစ်ကြောင်းသိရသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ထန်းတပင်မြို့နယ် အညာစုကျေးရွာအနီး ကုက္ကိုဝမြစ်ကမ်းသို့ ရောက်ရှိပြီး ကုက္ကိုဝမြစ်ကမ်း မြစ်ရေတိုက်စားခြင်းများ ကာကွယ်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေကာတန်းများ ပြုလုပ်ထားရှိမှု၊ သဲမွှေ့ယာများ ချထားဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ထန်းတပင်မြို့ ကုက္ကိုဝမြစ်ကမ်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီကာလ၌ မြစ်ရေတိုက်စားခြင်းမရှိစေရန် ရေကာတန်းများ၊ဂရစ်တန်းများဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းပေးသည်။

တွေ့ဆုံ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံ တောင်သူလယ်သမားကြီးများနှင့် တွေ့ဆုံသည်။

ထို့နောက် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်က ထန်းတပင်မြို့နယ်အတွင်း ၂၀၀၄ခုနှစ် မိုးရာသီကာလ၌ မိုးစပါး ၈၁၂၅ ဧက တိုးမြှင့်စိုက်ပျိုးနိုင်ရေး စီမံထားရှိမှုနှင့် ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြေလွတ်မြေလပ်မကျန်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ရန်ကုန်တိုင်းအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ် သီးနှံများကို ၁၂လရာသီ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ယခုအခါ မိုးစပါးစိုက်ပျိုးရာသီဖြစ်သဖြင့် လျာထားသတ်မှတ်ချက်များ ပြည့်မီကျော်လွန်အောင် မြေလွတ်မြေလပ်မကျန် စိုက်ပျိုးကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပင်ကိုအားဖြင့် ရေခံ၊ မြေခံကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသော ဒေသများတွင် သီးနှံစိုက်စွမ်းအားများ တိုးမြှင့်နိုင်မည့် အစီအမံများအပြင် စိုက်ပျိုးရေးဆိုင်ရာနည်းပညာ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း၊ ရောဂါပိုးမွှားကာကွယ်ရေးစသည့် ဒေသခံတောင်သူလယ်သမားကြီးများ၏ လိုအပ်ချက်များကို အဘက်ဘက်က ကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ ဒေသခံတောင်သူလယ်သမားကြီးများကလည်း သီးနှံအထွက်တိုးပြီး ဝင်ငွေပိုမိုရရှိ၍ လူနေမှုဘဝမြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများအပေါ် အကျိုးရှိစွာ ကြိုးပမ်းအားထုတ်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ထန်းတပင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဖြည့်ဆည်းပေးရမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်သို့ထွက်ခွာ

ရန်ကုန် မေ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဇီချွမ်ပြည်နယ် ချန်ဒူးမြို့၌ ကျင်းပမည့် ပဥ္စမအကြိမ် တရုတ်ပြည်အနောက်ပိုင်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးကုန်စည်ပြပွဲသို့ တက်ရောက်ရန် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီ တာဝန်ခံသံမှူး Mr. Yu Boren၊ စီးပွားရေးသံမှူးကြီး Mr. Tang Hai နှင့် သမဝါယမဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လှိုင်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်၊ Exo gift အမှတ်တရပစ္စည်းအရောင်းဆိုင် ဥက္ကဋ္ဌ ဦးအေးမင်းဦးတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ဟာသဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၄

ရွှေမင်းသား၏ မျက်နှာဖုံးကာတွန်းနှင့် ဆရာပြည့်စုံ(သွေးသောက်)၊ ဆရာသာဂဒိုး၊ မြေဇာ၊ ကာတွန်းမြင့်စိုးလေး၊ မောင်ရဲလှူ၊ မောင်ဝေဟင်၊ ဆြာကြီးထိန်၊ မုဒုံသုမွန်၊ လေရူး၊ မာန်သွေးသစ်မင်း၊ ဧပရယ်၊ တစ်ကောင်ဘွား (ညောင်ရမ်း)၊ ကျော်ဖြိုးလွင်၊ သန်းထွန်းဇော်၊ ရဲမြဝင်း၊ သူရထိုက်၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသ အတွေးအရေးနှင့် ဟာသ ရုပ်ရှင် သဘင် ရသများကို စုစည်းဖော်ပြထားသော "ဟာသ"ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၂)ကို ဝါမိုးအောင်စာပေ၊ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်း သိရသည်။ (က-ပ)

မေ ၅ ရက်က ကွတ်ခိုင်မြို့နယ်အတွင်း ဘိန်းဖြူ ၄ ဒသမ ၉၅ ကီလိုကို သိမ်းဆည်းရမိစဉ်။ (သတင်းစဉ်)

ကွတ်ခိုင်၌ ဘိန်းဖြူ ၄ ဒသမ ၉၅ ကီလိုဖမ်းမိ

ရန်ကုန် မေ ၂၄

နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၅ရက်တွင် သတင်းအရ ကွတ်ခိုင်မြို့နယ် တီးမားကျေးရွာ၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာရှိ လမ်းဘေးတောင်ကြော ဘယ်/ညာကို ဖြန့်ခွဲ၍ စောင့်ဆိုင်းခဲ့ရာ တီးမားကျေးရွာကို ရှောင်ကွင်း၍ တက္ကနိုင်းကျေးရွာဘက်မှ ထွက်ခွာလာသည့် လူသုံးဦးတို့အား မသင်္ကာဖွယ်ရာ တွေ့ရှိရသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အဆိုပါသုံးဦးမှာ ထွက်ပြေးသွားခဲ့ပြီး ယင်းတို့ ပစ်ချခဲ့သည့် ကျောပိုးအိတ် သုံးလုံးအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၃၃၀ ခွက် စုစုပေါင်းအလေးချိန် ၄ ဒသမ ၉၅ ကီလိုကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မေ ၂၆ရက်မှ ဇွန် ၆ရက်အထိကျင်းပမည့် အာရှလူငယ် (ယူ-၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ အမျိုးသမီး ဒိုင်လူကြီးများ ဖြစ်သည့် ဒေါ်ကော့ဂျာ (ဟိုတယ်/ခရီး) နှင့် ဒေါ်တင်တင်ညို (ပညာရေး) တို့ အား မေ ၂၂ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီးသာသနာရေးနှင့်ပုံနှိပ်ရေးကောင်စီ

တံတားအသုံးပြုခကောက်ခံခွင့်လုပ်ငန်းဆောင်ရွက်ရန်

အိုးပီးတိတင်ဒါခေါ် ယူခြင်း

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော အောက်ဖော်ပြပါ သန်လျင်တံတား၏ ၂၀၀၄-၂၀၀၅ မှ ၂၀၀၆-၂၀၀၇ နှစ်အထိ တံတားအသုံးပြုခကောက်ခံ ခြင်းလုပ်ငန်း (၃)နှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိုးပီးတိတင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့်တံတား
- သန်လျင်တံတား (သာကေတမြို့နယ်)

(ခ) စျေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ
- မြန်မာ့မီးရထားရုံးချုပ်၊ စီမံကိန်းနှင့်ဌာန၊ တတိယထပ်၊ အခန်းအမှတ်(၃၁၃)

(ဂ) အိုးပီးတိတင်ဒါလေလံတင်သွင်းရမည့် ရက်နှင့်အချိန်
- ၃၁-၅-၂၀၀၄ ရက်နေ့ ၁၀၀၀ နာရီမှ ၁၂၀၀ နာရီအထိ

(ဃ) အိုးပီးတိတင်ဒါပေးသွင်းရမည့်နေရာ
- မြန်မာ့မီးရထားရုံးချုပ်၊ အစည်းအဝေးခန်းမ

(င) အိုးပီးတိတင်ဒါ ဖွင့်လှစ်မည့်ရက်စွဲနှင့်အချိန်
- ၃၁-၅-၂၀၀၄ ရက် (တနင်္လာနေ့) ၁၃၀၀ နာရီ

(စ) အိုးပီးတိတင်ဒါ ဖွင့်လှစ်မည့်နေရာ
- မြန်မာ့မီးရထားရုံးချုပ်၊ အစည်းအဝေးခန်းမ

မှတ်ချက်။ အိုးပီးတိတင်ဒါဝယ်ယူလိုသူ လောင်းဝယ်မှုလွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် (၅၀၀၀)ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း မြန်မာ့မီးရထားရုံးချုပ်၊ စီမံကိန်းနှင့်ဌာန၊ တတိယထပ်၊ အခန်းအမှတ်(၃၁၃)တွင် ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
တံတားအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့
ရန်ကုန်တိုင်း

အချိန်မီသေချာနှင့်အဓိကယာဉ်ကျွန်းဆောင်တန်း

ဆိုင်ပွင့်နိုင်သည့်အထိသတိပြုပေးသည်

Cosmic Engineering Group

အမှတ် (၃၁) ချမ်းကမ္ဘာလမ်း ကျောက်မြောင်း (ကျောက်မြောင်းဈေးမှတ်တိုင်အနီး)
☎549897

SCHILLER EDUBANK BUSINESS & ENGLISH INSTITUTE (SBEI)

(1) Four Skills + 3 Skills English Courses (2) TOEFL
(3) MBA Foundation Course
(4) Basic/Professional English
(5)

ဈေးနှုန်းပေါ်သော ဆူးမုန်လွှာ

(၂၅-၅-၂၀၀၄)



Y.E.S. မှ အင်္ဂလိပ်စကားပြော သင်တန်းများ

Basic Spoken English	MAY -22, 24
Pre-Intermediate English	MAY - 24
Intermediate English & IELTS	MAY-17,22
TOEFL & Basic Writing Course	MAY-10,17
VEC,GFC,AWC,SAT (II)/AE,SAT(I)	MAY-4
B.S.E. Conversation Club	

No.119, Y.M.C.A Building, Bogyoke Street, Botahtaung TSP.
ဖုန်းနံပါတ် - 245821

အလိုရှိသည် (ပြည်တွင်းရှိ သောနေရာများ)

G.T.I., E.T.E.C (Civil)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဓမ္မဇေယျ ဝတီ(ဗဟို)လမ်း၊ အမှတ်(၁၈) ဟု ခေါ်တွင်သော နှစ်ထပ်တိုက်အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။

ဦးမောင်မောင်အေး
အဏ္ဏဝါရပ်၊ ကော့သောင်းမြို့။

အမည်ပြောင်းခြင်း

အဖ ဦးအောင်ဝင်း၏သား မောင်သက်လွင်၊ အဋ္ဌမတန်း(ဂ)၊ အထက(၁)၊ ကျောက်တံတားအား ယနေ့မှစ၍ မောင်စံထွန်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **စံထွန်းမောင်။**

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

KHIND ခင်ကမ္ဘာ

Electrical Home Appliances

- Water Fall System ပါရှိသော Fully Auto Washing Machine FA 602 (6kg) (ပုံမှန်ဈေး ~~185000~~ ပွဲတော်ဈေး 170000)
- Multi Purpose OvenToaster OT 1602 (ပုံမှန်ဈေး ~~50000~~ ပွဲတော်ဈေး 40000)

Nonstick / Grill နှင့် Bake ပါရှိသော MicrowaveOven မျိုးစုံ/ Ultra Violet Insect Killer မျိုးစုံ/ Micro Switch ပါရှိသော Rice Cooker မျိုးစုံ/ Motor Pump AirPot မျိုးစုံ/ Vacuum Cleaner မျိုးစုံ/ Hair Dryer/ Sandwich Toaster/ Slow Cooker မျိုးစုံ/ Box Fan မျိုးစုံ

ShowRoom & Service Centre ☎: (01) 380475, (01) 240935, (01) 700904

MAT Dr. Tin Latt MANAGEMENT & ACCOUNTANCY TRAINING LTD

Quality & Success

MAT Centre I | MAT Centre II | MAT Myitkyina Centre

ACCA Part I, II & III | **CAT** Advanced Level

Innovative E-Learning System
ACCA ၏ Paper 1.1, 1.2,1.3, 2.1,2.2,2.3,2.6 နှင့် CAT ၏ Paper 9
LCD Projector
Multi-media E.Learning System

Course Commencing Date - June 29, 2004.
Registration Closing Date - June 30, 2004.

LCCI
Level I, II (Certificate Course)
Level III (Group Diploma Course)
- Diploma in Accounting (DA)
- Diploma in Management Accounting (DMA)
- Diploma in Cost Accounting (DCA)
- Diploma in Principles and Practice of Management (DPRM)
- Diploma in Business and Industrial Administration (DBIA)
- Diploma in Marketing (DMAR)
- Diploma in Managerial Principles (DMP)

Commencing Date
28.5.2004 (Yangon)
1.6.2004 (Myitkyina)

LCCI Student CAT Advanced Level
20% Discount
Valid Date-Up to June 15, 2004.

Tel: 242431, 241713, 296781.
CAT LCCI Course

Enroll Now !
E.mail: Drtinlatt@mat.com.mm

တိုးတက်သစ်လွင်လာသော ရန်ကုန်ဆိပ်ကမ်း၏မြင်ကွင်းများ

သတင်းဆောင်းပါး-အောင်နိုင်ဦး(ကြေးမုံ)
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် မေ ၂၄

သာတောင့်သာယာရှိသော နွေနံနက်။ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ တာဝန်ရှိသူများ၏ စီစဉ်ပေးမှုဖြင့် ရန်ကုန်ဆိပ်ကမ်းဒေသတစ်ခွင် တိုးတက်သစ်လွင် ပြောင်းလဲလာသော မြင်ကွင်းများကို ကြေးမုံသတင်းအဖွဲ့က လေ့လာမှတ်တမ်းတင်ခွင့် ရရှိခဲ့သည်။ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များကို ထည့်သွင်းထားသော ကုန်သေတ္တာများက ကုန်သေတ္တာလွင်ပြင်ကြီးပေါ်တွင် ဆင့်ကာထပ်ကာ အစီအရီ။ ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် သင်္ဘောကြီးက ကုန်တင်ရန် သင်္ဘောဝမ်းပေါက်ကို ဖွင့်နေသည်။ ၎င်းကြယ်ငါးပွင့်သင်္ဘော၏ဘေးမှ အခြားနိုင်ငံခြားသင်္ဘောနှစ်စင်းပေါ်မှလည်း နိုင်ငံခြားမှ တင်သွင်းလာသော ကုန်ပစ္စည်းများကို ချနေကြသည်။ မကြာမီကုန်သေတ္တာစခန်းမှ ကုန်သေတ္တာများကို သယ်ဆောင်လာသော ယာဉ်ကြီးများ တန်းစီလျက် ဆိပ်ခံတံတားဆီ ဆင်းလာသည်။ တစ်ဖက်က ဆိပ်ခံတံတားတွင်လည်း နိုင်ငံခြားကုန်သင်္ဘောကြီးတစ်စင်း ဆိုက်ကပ်ရန် တဖြည်းဖြည်း ချဉ်းကပ်နေသည်။ သင်္ဘောကြီးပေါ်မှ ချပေးသောကြိုးကို ရေယာဉ်ငယ်ကလေးဖြင့် ဆွဲယူ၍ ဆိပ်ခံတံတားတွင် ချည်နှောင်နေကြသည်။ ဤသည်မှာ ရန်ကုန်ဆိပ်ကမ်း၏ နိစ္စဓူဝလုပ်ငန်းများနှင့် မြင်နေကျ မြင်ကွင်းများပင် ဖြစ်သည်။

ရာနှုန်းပြည့်နီးပါး

ရန်ကုန်ဆိပ်ကမ်းဟုဆိုရာတွင် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်ရာ နိုင်ငံတကာဆိပ်ကမ်းများနှင့် ပြည်တွင်းသွားသင်္ဘောများ ဆိုက်ကပ်သည့် ပြည်တွင်းဆိပ်ခံတံတားများဟူ၍ နှစ်ပိုင်းပါဝင်သည်။ ရန်ကုန်ဆိပ်ကမ်းသည် မြန်မာနိုင်ငံ၏အကြီးဆုံးနှင့် အရေးပါဆုံး ဆိပ်ကမ်းတစ်ခုဖြစ်သကဲ့သို့ မြန်မာ့စီးပွားရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသော ဆိပ်ကမ်းတစ်ခုလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန် ရာနှုန်းပြည့်နီးပါးကို ရန်ကုန်ဆိပ်ကမ်းမှပင် သွင်းခဲ့ပို့ခဲ့၊ သွင်းဆဲပို့ဆဲဖြစ်သည်။

ပင်လယ်ကူးသင်္ဘောကြီးများ ဆိပ်ကမ်းသို့ ဝင်၊ထွက်ဆိုက်ကပ်နိုင်ရေးနှင့် ကုန်တင်ကုန်ချလုပ်ငန်းများကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ဆောင်မှုပေးရသောဌာနမှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဖြစ်သည်။ ဝန်ဆောင်မှုပေးသည်ဟု ဆိုရာတွင် ဆိပ်ခံတံတားများ၊ သိုလှောင်ရုံများ၊ ကုန်ထားသိုရန်လွင်ပြင်များနှင့် ကုန်ကိုင်တွယ်ကိရိယာများ ပံ့ပိုးပေးရခြင်း၊ ရေကြောင်းလမ်းများနှင့် ရေကြောင်းပြလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးရခြင်းတို့ပါဝင်သည်။

ရန်ကုန်ဆိပ်ကမ်းတွင် အပြည်ပြည်ဆိုင်ရာ ရေယာဉ်များအတွက် ဆိပ်ခံတံတားများအနေဖြင့် ယခင်က ထီးတန်းဆန်တင်တံတားနှင့် ဆူးလေအမှတ်(၁)မှ (၇)အထိ တံတားများသာရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ပြည်တွင်း၊ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရာ Asia World Port Management Co., Ltd ၏ အလုံအမှတ်(၁)နှင့် (၂)တံတားများ၊ Myanmar Intergrated Port Limited (MIPL)၏ သီလဝါအမှတ်(၄)တံတား၊ Myanmar International Terminals Thilawa (MITT)၏ သီလဝါအမှတ်(၅)မှ (၉)အထိ တံတားများ၊ မြန်မာ့အဏ္ဏဝါစွမ်းအားရှင်အုပ်စုကုမ္ပဏီလီမိတက်၏ မြန်မာ့စက်မှုဆိပ်ကမ်း တံတားများ (Myanmar Industrial Port) ပေါ်ပေါက်လာခဲ့သည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကလည်း ခေတ်မီ ကုန်ကိုင်တွယ်စက်ကိရိယာများ တပ်ဆင်တည်ဆောက်ထားသော ဗိုလ်အောင်ကျော် အမှတ်(၃) ဆိပ်ခံတံတားကို တည်ဆောက်ပြီး နိုင်ငံတကာအဆင့်မီ ကုန်သေတ္တာတင်ချလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

ဖွင့်လှစ်

၎င်းအပြင် ကုန်းတွင်းကုန်သေတ္တာ စခန်းများအနေဖြင့်မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် စင်ကာပူနိုင်ငံ Aillied Container Services Private Ltdတို့ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့် ဗိုလ်တထောင်အမှတ် (၁) ကုန်းတွင်း ကုန်သေတ္တာစခန်းကို တည်ဆောက်ဖွင့်လှစ်လုပ်ကိုင်ခဲ့ပြီး မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏ ဗိုလ်တထောင်အမှတ်(၂) ကုန်းတွင်းကုန်သေတ္တာစခန်းကိုလည်း ၂၀၀၁ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ခေတ်မီ ကုန်ကိုင်တွယ် စက်ကိရိယာများ တပ်ဆင်ထားသောဗိုလ်အောင်ကျော် အမှတ်(၃) ဆိပ်ခံတံတားကို တည်ဆောက်ပြီး နိုင်ငံတကာအဆင့်မီ ကုန်သေတ္တာတင်၊ချလုပ်ငန်းများကို ဤသို့ ဆောင်ရွက်လျက်ရှိသည်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပြည်ပသို့ ထွက်ခွာမည့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၏ ကုန်သေတ္တာတင်သင်္ဘောတစ်စင်းပေါ်သို့ ကုန်သေတ္တာများ တင်ဆောင်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ဗိုလ်အောင်ကျော်အမှတ်(၃) ကုန်သေတ္တာစခန်းတွင် ပို့ကုန်သွင်းကုန် ကုန်သေတ္တာများ အစီအရီ ဆင့်ထပ်ထားသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တိုးတက်ပြောင်းလဲလာမှုနှင့်အညီ ပြည်ပပို့ကုန်၊သွင်းကုန်ပမာဏ ပိုမိုများပြားလာသည့်အလျောက် အပြည်ပြည်ဆိုင်ရာရေယာဉ်များ ဆိုက်ကပ်လာနိုင်ရန် ဆိပ်ခံတံတားများကို ဆက်လက်တည်ဆောက်လျက်ရှိရာ Asia World Port Management Co., Ltdက အလုံအမှတ် (၃)တံတားကို Bot စနစ်ဖြင့် ဆက်လက် တည်ဆောက်ဆဲဖြစ်ကြောင်း သိရသည်။

ဖိတ်ခေါ်ဆောင်ရွက်သွားမည်

နောင်တွင် ဆက်လက်တိုးချဲ့တည်ဆောက်မည့် အစီအစဉ်များအဖြစ် ရန်ကုန်ဆိပ်ကမ်းဒေသတွင် ထီးတန်းဆန်တင်တံတားကို ပြန်လည်တည်ဆောက်ခြင်း၊ ကျန်းမာရေးဆိပ်ကမ်းဇောတံတားနေရာတွင် ဆူးလေအမှတ်(၈) ဆိပ်ခံတံတား တိုးချဲ့တည်ဆောက်ခြင်း၊ နန်းသီတာနှင့် ပန်းဆိုးတန်းဆိပ်ကမ်းနေရာ၌ ကမ္ဘာလှည့် ခရီးသည်သင်္ဘောများဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားများကို အဆင့်မြင့်အကြီးစား ပြုပြင်တည်ဆောက်သွားမည်ဖြစ်သကဲ့သို့ သီလဝါဆိပ်ကမ်းဒေသတွင်လည်း အထွေထွေကုန်စည်များ ကိုင်တွယ်နိုင်မည့် ခေတ်မီဆိပ်ခံတံတားများ၊ လယ်ယာထွက်ကုန် ကောက်ပဲသီးနှံများကို ဝမ်းပုံစနစ်ဖြင့် ကိုင်တွယ်နိုင်မည့် ဆိပ်ခံတံတားများ၊ ဘိလပ်မြေ၊ ဓာတ်မြေဩဇာများကို ထုပ်ပိုးလွတ်ဝမ်းပုံစနစ်ဖြင့် ကိုင်တွယ်နိုင်မည့် ဆိပ်ခံတံတားများ၊ သစ်တင်ချ ဆိပ်ခံတံတားများ၊ နိုင်ငံတကာအဆင့်မီ ကမ္ဘာလှည့်ခရီးသည်တင် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည့် ဆိပ်ခံတံတားများ ဆက်လက်တည်ဆောက်သွားရန် ပြည်တွင်း၊ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်သွားမည့် အစီအမံများရှိကြောင်း လေ့လာသိရှိခဲ့ရသည်များကို ရေးသားတင်ပြလိုက်ရပါ၏။ ။

ကျောက်တန်းမြို့တွင်း ကတ္တရာလမ်းဖွင့်ပွဲများ ကျင်းပ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်

ကျောက်တန်း မေ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၉ ရက်က ကျောက်တန်းမြို့တွင်း ကတ္တရာလမ်းများဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

လွတ်လပ်ရေးလမ်းဖွင့်ပွဲကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းလမ်းမှာ အရှည်၂၅၂ ပေ၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်းဖြစ်ပြီး နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၂၅၃၀၀၀၀ သုံးစွဲ ဆောင်ရွက်ခဲ့သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ အငူကူးတို့လမ်း ဖွင့်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းစည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့မိမြို့ဖ ဒေါက်တာဦးစံသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆောင်ရွက်

အငူကူးတို့လမ်းမှာ အရှည် ၄၉၆ ပေ၊ အကျယ် ၁၂ ပေရှိ ကတ္တရာ လမ်းဖြစ်ပြီး နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၃၅၃၀၀၀၀ ဖြင့် ဆောင်ရွက် ခဲ့ခြင်းဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် အရှည် ၁၂၃၁ ပေ၊ အကျယ် ၁၂ ပေ ရှိ အားကစားရုံ (၁) လမ်းကတ္တရာခင်းခြင်းနှင့်ကျောက်တန်း မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေး အတွက် အုတ်စီရေမြောင်းပြုလုပ် ခြင်းနှင့် မြစ်ထွက်ပေါက်သို့ ကျောက်စီ ရေမြောင်း ပြုလုပ်ထားရှိမှုတို့အား လည်းကောင်း၊ ကန်စိမ်းရေကန် သာယာလှပရေး ဆောင်ရွက်နေမှုများ အားလည်းကောင်း၊ ဦးမင်းလွင် လမ်းခင်းခြင်းလုပ်ငန်းအတွက် ပစ္စည်း စုဆောင်း ထားရှိမှုများအား လည်း ကောင်း၊ မြို့ရေပေးရေး ဂါလန်၆၀၀၀၀ ဆံ့ ရေစစ်ကန် အမိုးမိုးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို လည်း ကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ် သည်များ မှာကြားခဲ့သည်။

(က-ပ)

မိုးနဲမြို့နယ် အခြေခံတိုင်းရင်းဆေးပညာသင်တန်းဖွင့် ဆေးပင်များ၏ အကျိုးအာနိသင်အကြောင်းရှင်းလင်း

မိုးနဲ မေ ၁၆

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုးနဲမြို့နယ် အခြေခံတိုင်းရင်းဆေး ပညာသင်တန်း (၁/၂၀၀၄) ဖွင့်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၁၀ နာရီတွင် မိုးနဲမြို့ ကမ္ဘောဇခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဦးနှင့် အရာရှိများ၊ ပြည်နယ်တိုင်းရင်းဆေးဦးစီးမှူး ဦးတင်မောင် လေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တ ဥက္ကဋ္ဌ ဒုရဲမှူး မြသောင်းနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအမှုဆောင်များ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ မြို့နယ်တိုင်းရင်းဆေးဦးစီးမှူး ဦးထွန်းမောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်နယ်တိုင်းရင်းဆေးဦးစီးမှူး ဦးတင်မောင်လေးက အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဖွင့်လှစ်ရခြင်း၊ တိုင်းရင်းဆေးပညာသမိုင်း ကြောင်း၊ တိုင်းရင်းဆေးပညာရည်မှန်းချက်၊ ကျေးရွာများ ကွင်းဆင်းကုသခြင်း၊ ပရဆေးပင်များ စိုက်ပျိုးခြင်း၊ ဆေးပင်များ၏ အကျိုးအာနိသင်အကြောင်းများကို ရှင်းလင်း ပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည် ဖြစ်ကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ် သတင်းများ

ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ရှေးဦးပြုစုခြင်း(ဆင့်ပွား)သင်တန်းဖွင့်

လှိုင်းဘွဲ့ မေ ၁၈

ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အဖြစ် လှိုင်းဘွဲ့မြို့နယ် ထိလုံကျေးရွာ အုပ်စုတွင် လူထုအတွင်း ရှေးဦးပြုစုခြင်း (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၃/၂၀၀၄)ဖွင့်ပွဲကို မေ ၈ ရက် နံနက် ၈ နာရီက လှိုင်းဘွဲ့မြို့နယ် ထိလုံကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဦးရွှေမြိုင်သောင်းက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် ထိလုံ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ထွားကြည်က "ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏ စိတ်ထားမှန်" ဆောင်ပုဒ်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၈ ရက်မှ ၁၁ ရက်ထိ ကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

မုံရွာမြို့နယ် ရောင်တော်ထုံး ကျေးရွာ အုပ်စုရှိ အနောက်ပျံကျ ကျေးရွာ "ပညာဗိမာန်" စာကြည့် တိုက် ဖွင့်ပွဲကို မေ ၁၃ ရက်က ကျင်းပရာ မုံရွာခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကြည်စိန် တက်ရောက် ပြီး ခရိုင်အတွင်းရေးမှူး ဗိုလ်မှူး ရဲထွန်းနှင့် ခရိုင်ပြန်/ဆက် ဦးစီး အရာရှိ ဦးတင်သန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင်ပြန်/ဆက်)

ပြည်မြို့မဈေးကြီး ရေမြောင်းများရှင်းလင်း

ပြည် မေ ၁၆

ပြည်မြို့ မြို့မဈေးကြီးနှင့် ဈေးပတ်လည် ရေမြောင်းများကို မေ ၁၄ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ မြို့နယ်တာဝန်ခံအရာရှိ ဦးတင်မိုးလှိုင်ဦးဆောင်၍ အဖွဲ့ဝင်ဝန်ထမ်းများဖြင့် ရေစီးရေလာကောင်းမွန်ရေး၊ မြို့သန့်ရှင်းရေးအတွက် စုပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(အောက်ပုံ) (၄၉၇)

အလှူရှင်စက်ရေတွင်း ဖွင့်ပွဲကျင်းပ

သာစည် မေ ၁၆

သာစည်မြို့နယ် မုန်တောကျေးရွာတွင် သတ္တမအကြိမ် အလှူရှင်နှစ်လက်မ စက်ရေတွင်းဖွင့်ပွဲကို မေ ၈ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာတွင်ပြုလုပ်သည်။

ကျေးဇူးတင်

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြပြီး ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက ကျေးဇူးတင် စကားပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးလှသောင်းနှင့် ကျေးရွာဥက္ကဋ္ဌတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(၄၂၅)

ရောဝတီတိုင်း ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ ရက်က ကန်ကြီးထောင့်မြို့ ရောသီရိသုခ ခန်းမဆောင်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်က ကျေးရွာအုပ်စု ၈၀ မှ ကျေးရွာ ဥက္ကဋ္ဌများအား စီမံကိန်းတာဝန်များ ပေးအပ်စဉ်။

(၄၈၇)

သန့်ရှင်းသောသောက်သုံးရေရရှိရေး ပေါင်းတည်မြို့နယ်တွင် ဆောင်ရွက်

ပေါင်းတည် မေ ၁၆

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါင်းတည်မြို့ အများပြည်သူများ အဓိကထား၍ သုံးစွဲနေသော စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကန်မှရေကို သန့်ရှင်းပြီး ပိုးမွှား ကင်းစင်သော သောက်သုံးရေဖြစ်စေရေးအတွက် အင်ဂျင်စက်ဖြင့် အမြင့်တင်ရေစင်သို့ စုပ်တင်ခြင်း၊ အမြင့်တင်ရေစင်မှ ရေဖြန့်ဝေပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရှိသည်။

ရှင်းလင်းတင်ပြ

ထိုသို့ဆောင်ရွက် နေမှုများအား ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က စစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြသည်။

(၄၉၇)

ကျေးလက်ဒေသသောက်သုံးရေဖူလုံရေးစက်ရေတွင်းတူးဖော်

ခရမ်း မေ ၁၇

ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် စက်ရေတွင်း ၁၂တွင်းကို အောင်မြင်စွာတူးဖော်ဆောင်ရွက်ခဲ့သည်။

အဆိုပါ စက်ရေတွင်းများအနက် မေ ၄ရက်က အိုးဝကျေးရွာ၌ ၂လက်မ၊ အနက်ပေ ၅၂၀၊ တစ်နာရီရေဂါလန် ၁၅၀၀ နှုန်းဖြင့် ရေချိုအောင်မြင်စွာ တူးဖော်ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့်အငယ်တန်းအင်ဂျင်နီယာ (၃)ဦးအောင်ကျော်စိုးတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ယာပုံ)** (မြို့နယ်စည်ပင်)

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး သင်တန်းဖွင့်လှစ်

ဟိုပင် မေ ၁၆

ကချင်ပြည်နယ် ဟိုပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှကြီးမှူးဖွင့်လှစ်သော လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးကဏ္ဍ သင်တန်း ၁/၂၀၀၄ သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက်က တေဇခန်းမ၌ ကျင်းပသည်။

သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အလုပ်အမှုဆောင် ဦးမောင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူ၊ သင်တန်းသား စုစုပေါင်း ၃၀ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရှင်းလင်းတင်ပြ

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောက်လုပ်ခဲ့သော ဖအောင်းကျေးရွာ ဦးစောနေသာ၏ နေအိမ်ဆောက်လုပ်နေမှုကို မေ ၈ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၂၆)

အလှူရှင်စက်ရေတွင်းဖွင့်

ခင်ဦး မေ ၁၅

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် ကံသစ် အုပ်စုနှောကုန်းကျေးရွာတွင် ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် နှစ်လက်မ အလှူရှင်စက်ရေတွင်း ဖွင့်ပွဲအခမ်း အနားကို မေ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒု-ဦးစီးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါစက်ရေတွင်းမှာ အနက်ပေ ၅၀၀ ဖြစ်ပြီး တစ်နာရီ ရေဂါလန် ၁၅၀၀ နှုန်းထွက်ရှိကာ ကျေးရွာလူထုအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိကြောင်း သိရှိရသည်။ **(က-ပ)**

နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ဖွင့်

ရွှေဘို မေ ၁၅

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို မေ ၁၁ရက်က ဆင်အင်းကျေးရွာအုပ်စု ကျေးရွာရပ်ကွက်ရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းသန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ကိုယ့်အားကိုယ့်ကိုးစာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြသထားသောစာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ နယ်လှည့်စာကြည့်တိုက်များကို မအူပင်ကျေးရွာ၊ သပွတ်တောကျေးရွာ၊ အင်ကြင်းပင် ကျေးရွာ၊ ကညင်ကုန်းကျေးရွာနှင့် မြင်းစီးကျေးရွာများတွင်လည်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

ထွန်းဒေါင်း မာရဇ ရွှေရတီ VCD KARAOKE အထူးနှုန်း-၁၀၀၀ ကျပ် ထွက်ပြီ

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၀၄-၂၀၀၅ပညာသင်နှစ်အတွက် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းကို ၂၀-၇-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ (၂)နှစ်ဖြစ်ပါသည်။

၂။ ဤသင်တန်းကိုပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး အောက်ဖော်ပြပါ ဝါဏိဇ္ဇဘွဲ့နှင့် စာရင်းကိုင်ပညာဘွဲ့ရ စာမေးပွဲကို အောင်မြင်ခဲ့သူများသာ တက်ရောက်ခွင့်ရှိပါသည်။

(က)ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ၂၀၀၃ခုနှစ်ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့သော ဘွဲ့ရစာမေးပွဲ

(ခ)မုံရွာစီးပွားရေးတက္ကသိုလ်မှ ၂၀၀၃ခုနှစ်ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့သော ဘွဲ့ရစာမေးပွဲ

၃။ တက်ရောက်လိုသူများသည် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ(မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် တစ်စောင်လျှင် ကျပ်၂၀-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။)ဖြင့် အတွင်းရေးမှူး၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ အမှတ်၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၇-၅-၂၀၀၄နေ့မှစတင်၍ ၄-၆-၂၀၀၄ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။ ရက်လွန်မှ လက်ခံရရှိသည့် လျှောက်လွှာများကို လုံးဝလက်ခံစဉ်းစားလိမ့်မည်မဟုတ်ပါ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲတင်ပြရမည်။

(က)အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်းနှင့်မိတ္တူ)

(ခ)၂၀၀၃ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့ရစာမေးပွဲနှင့် စာရင်းကိုင်ပညာဘွဲ့ရစာမေးပွဲ(ရန်ကုန်)အောင်မြင်ကြောင်း ဘွဲ့လက်မှတ်/ဘွဲ့လက်မှတ်ယာယီထောက်ခံစာ(မူရင်းနှင့်မိတ္တူ)

(ဂ)၂၀၀၃ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့ရစာမေးပွဲနှင့် စာရင်းကိုင်ပညာဘွဲ့ရစာမေးပွဲ(မုံရွာ)အောင်မြင်ကြောင်း ဘွဲ့လက်မှတ်/ဘွဲ့လက်မှတ်ယာယီထောက်ခံစာ(မူရင်းနှင့်မိတ္တူ)

(ဃ)အဆင့်သတ်မှတ်ချက်လက်မှတ်(မူရင်းနှင့်မိတ္တူ)

၅။ လျှောက်ထားသူသည် ကိုယ်တိုင်လာရောက်ပြီး အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးလက်မှတ်ပြသ၍ လျှောက်လွှာတင်ရမည်။ ကိုယ်စားတင်ခြင်း လုံးဝခွင့်မပြုပါ။

၆။ ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို မြန်မာနိုင်ငံစာရင်းကောင်စီရုံးတွင် ၂၉-၆-၂၀၀၄ရက်နေ့၌ ထုတ်ပြန်ကြေညာမည်။ ရွေးချယ်ခံရသူများသည် သင်တန်းကြေးများကို ၃၀-၆-၂၀၀၄နေ့မှစတင်၍ ၇-၇-၂၀၀၄နေ့ထက် နောက်မကျစေဘဲ ပေးသွင်းကြရမည်။

တင်လှိုင်
အတွင်းရေးမှူး
စာရင်းကိုင်အလုပ်သင်နှင့်
သင်တန်းကြီးကြပ်ရေးကော်မတီ။

AYEYARWADY MEDIA SERVICES (AMS)
-English Language Preparatory Courses for NTU, Payap University and Polytechnic.
-LCCI Level I, II & III -Computer Courses.
-Begins on 1st June 2004.
For detail information please inquire; Ph: 212800, 224989
No.,524, Lowerkyeemyindine Road. Kyeemyindine Township

NEW MOTION TRAVELS CO., LTD.
June: 3 - 24
The Hotel @ Tharabar Gate
Ph: 725 799, 537 024
The Hotel @ Tharabar Gate

LCCI (UK) Business Management Diploma
- Principles & Practice of Management
- Business & Industrial Administration
- Marketing
- English for Business
MENTOR BMC

ကျေးဇူးဆပ်ပါမည်
ကျွန်တော်၏ နိုင်ငံကူးလက်မှတ် ဝ၇၈၆၄၅နှင့် သင်္ဘောသားစာအုပ် CDC-23633 နှင့်အတူ စာမေးပွဲအောင်လက်မှတ်(4 Ticket)မူရင်းများထည့်ထားသောအိတ်တစ်လုံးပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။
မျိုးခိုင်
၅၄၊ နိဗ္ဗာန်လမ်း၊ သာဓု(အရှေ့)ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဖုန်း-၅၂၉၆၆။

သန့်ထိုက်ဇော်
ကိုခင်မောင်
အထပ်သား၊ ဖိုင်ဘာ၊ ဖော်မီကာ ဒီဇိုင်းမျိုးနှင့် ကျွန်းစင်း၊ ကျွန်းကွက်၊ ကြိတ်သားရောင်းဝယ်ရေး
အဆောင်၄/၃၊ စော်ဘွားကြီးကုန်း၊ အဝေးပြေးဝင်း ဝင်ပေါက်အနီး၊ အင်းစိန်မြို့။
ဖုန်း-၇၀၁၇၄၂၊ ၆၄၁၂၀၁၊ ၆၄၂၁၂၂ လိုင်းခွဲ-၁၆၉။

now! M.Sc(UK) in Myanmar....
University of Portsmouth
(M.Sc in Strategic Business IT)
Bachelor's degree in IT ဖြစ်သလား??? (သို့) non-IT degree နှင့် ICTအတွေ့အကြုံ (၃)နှစ်ရှိသလား??? (သို့) ICTနှင့် စီမံခန့်ခွဲရေးနယ်ပယ်တွင် အတွေ့အကြုံ(၅)နှစ်ရှိသလား??? ဒါဆိုရင်တော့.... MCC ကိုဖုန်းဆက်လိုက်ပါ.....

၂၀၀၄ ခုနှစ် ရွှေတိဂုံစေတီတော် ဓာတ်ပုံပြိုင်ပွဲ
ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့ပူးပေါင်း၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအား မျက်မှောက်ကာလတွင် ဖူးမြော် ကြည်ညိုရသည့်မြင်ကွင်းစုံတို့ကို ဓာတ်ပုံပညာဖြင့်မှတ်တမ်းပြုနိုင်ရန် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အောက်ပါ အတိုင်း ကဏ္ဍများခွဲခြားကျင်းပသွားမည် ဖြစ်ပါသည်။

ကြည်ညိုဖွယ်အဖုံဖုံ မြတ်ရွှေတိဂုံ	– ရွှေတိဂုံစေတီတော် မြတ်ကြီးကို မိမိတို့နှစ်သက်ရာထောင့် အမျိုးမျိုးမှ ရိုက်ကူးထားသည့် ဓာတ်ပုံများ။
ရွှေတိဂုံဝန်းကျင် ရှုလေလျှင်ကဏ္ဍ	– စေတီတော်ဝတ္တကမြေအတွင်းရှိ စေတီပုထိုး၊ ရုပ်ပွားဆင်းတု၊ တန်ဆောင်းဇရပ်၊ စောင်းတန်း၊ ရေတွင်းရေကန်၊ သစ်ပင် ပန်းမန်အစရှိသော သာသနိကအဆောက်အအုံ၊ဝတ္ထုပစ္စည်း များကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။
မြတ်ရွှေတိဂုံ ကုသိုလ်စုံကဏ္ဍ	– စေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော် များ၊ ရဟန်းခံရှင်ပြုအလှူပွဲများ၊ ဝတ်ရွတ်၊ဆွမ်းတော်ကပ်၊ တံမြက်လှည်း၊ ရောင်တော်ဖွင့်စသည့် ဘာသာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။
ရိုက်ကူးကာလနှင့်ဓာတ်ပုံအရွယ်အစား	– (၁-၁-၂၀၀၃)ရက်မှ(၁၅-၉-၂၀၀၄)ရက်အတွင်း ရိုက်ကူး သည့် ၁၂လက်မ X၁၈လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ
ပေးပို့ရမည့် ဓာတ်ပုံအရေအတွက်	– အရေအတွက်အကန့်အသတ်မရှိ။
ဓာတ်ပုံနောက်ဆုံးပေးပို့ရမည့်အချိန်	– (၁၅-၉-၂၀၀၄)ရက် ညနေ (၄)နာရီ။
ဆုချီးမြှင့်ခြင်း	– ပထမဆု (ကျပ် ၃၀၀၀၀၀)
(တစ်ကဏ္ဍချင်းအတွက်)	– ဒုတိယဆု (ကျပ် ၂၀၀၀၀၀)
	– တတိယဆု (ကျပ် ၁၀၀၀၀၀)
	– နှစ်သိမ့်ဆု(၅)ဆု (ကျပ် ၅၀၀၀၀)စီ
ဓာတ်ပုံပေးပို့ရန်နှင့်ဆက်သွယ်စုံစမ်းရန်	– ဂေါပကအဖွဲ့ရုံး ရွှေတိဂုံစေတီတော် ဖုန်း-၂၅၁၈၅၁၊
	– မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ အမှတ်(၂၇-၂၉) ၃၅ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ (ဖုန်း-၃၇၃၁၆၇)

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ဝင်း (၄၉)နှစ် ၂၁-၅-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဝင်းမြင့်မိသားစု
ပဲမျိုးစုံရောင်းဝယ်ရေး၊ မော်လမြိုင်။

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ဝင်း(၄၉)နှစ် ၂၁-၅-၂၀၀၄နေ့တွင် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်မြင့်မိသားစု
ပဲမျိုးစုံရောင်းဝယ်ရေး
မော်လမြိုင်။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအေကူမွန် (သက်ပြင်း)
အသက်(၅၁)နှစ်

(ဦးအလက်ဇန္ဒား)-ဒေါ်ကတ်သရင်း တို့၏သား၊ ဒေါ်နန်းစီ၏မောင်၊ ဒေါ်တင်လှ (လီလီ)၏ခင်ပွန်း၊ မသက်သက်ခိုင်၊ မရီမင်းထွန်းတို့၏ဖခင်၊ ဦးရောဘတ်-ဒေါ်ကြည်ကြည်သန်း၊ ဦးဂျိုးဇက်-ဒေါ်မော်စီ၊ မပန်စီလွင်တို့၏အစ်ကို၊ တူ၊ တူမ လေးယောက်တို့၏ဦးလေး ဦးအေကူမွန်သည် ရန်ကုန်မြို့၊ အမှတ်(၃၀၂)၊ ကံ့ကော်ရိပ်သာလမ်း၊ ၁၆အပိုင်း(၃)၊ သဃ်န်းကျွန်းနေအိမ်၌ ၂၁-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးမှ ဆွေမျိုးများ သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အမည်ပြောင်းခြင်း

ဦးစိုးတင့်-ဒေါ်ညိုသီဆင့်တို့၏သား၊ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အထက(လမိုင်း) အဋ္ဌမတန်း(က)မှ မောင်ခန့်မင်းဟန်အား မင်းဂုဏ်ဆောင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မင်းဂုဏ်ဆောင်။

မွေးနေ့ဆုတောင်း

ဖေဖေ၊ မေမေတို့ တန်ဖိုးထားမြတ်နိုးရတဲ့ တစ်ဦးတည်းသော ချစ်သမီးလေး **သိမ့် (သိမ့်သိမ့်ဇော်)**၏ ၂၅-၅-၂၀၀၄နေ့တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း များစွာတိုင် နွေးထွေးပျော်ရွှင်ဖွယ် မွေးနေ့တွေကို ချစ်သောသူများနှင့်အတူ ဆင်နွှဲနိုင်ပြီး ပြည့်စုံချမ်းသာ အောင်မြင်သော ဘဝလေးတစ်ခုကို စိတ်တိုင်းကျ တည်ဆောက်နိုင်ပါစေ---။

ချစ်တဲ့
ဖေဖေ၊ မေမေ။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သောသမီးလေး **လွဲ့လမင်း** ၂၅-၅-၂၀၀၄ရက်နေ့တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင်ပြီး ဘဝပန်းတိုင်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---။

ချစ်ဖေဖေ-ဦးကျော်သန်း (လဝက၊ ငြိမ်း)
ချစ်မေမေ-ဒေါ်တင်ဌေးနှင့် မောင်နှမများ။



ကျေးဇူးဆပ်ပါမည်

တိုက်(၂၆)၊ အခန်း(၄၀၃)၊ (၇)လမ်း၊ယုဇနဥယျာဉ်မြို့တော်၏စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။

ဒေါ်အေးမူ၊ ဖုန်း-၅၄၂၂၂၇။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ ၁-၆-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ် (၁) (၂)

၁။အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း (ဓာတ်ငွေ့ဂဟေဆက်၊ အဆင့်မြင့် TIG နှင့် MIG ဂဟေဆက်)
၂။အခြေခံဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းမှုသင်တန်း
၃။တွင်ခုံ/ဖောက်ခုံသင်တန်း
၄။ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း

တည်နေရာ-ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလတံတားအနီး။
တယ်လီဖုန်း-၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၇၂၆၅၇၂(ရုံးချိန်အတွင်းသာ)။

အမေ့အိမ်
အဆင့်မြင့်မူကြိုနှင့် နေ့ကလေးထိန်း

ဝါရင့်ကျွမ်းကျင်မှုနှင့် ရင်သွေးငယ်များအား ချစ်တတ်သော ဆရာမကြီးနှင့် ဆရာမများ ကြီးကြပ်တာဝန်ယူပြုစုပျိုးထောင်စောင့်ရှောက်ပေးမည်။

- အသက်(၆)လမှ (၅)နှစ် ရင်သွေးငယ်များ
- အခြေခံမြန်မာစာ၊ အင်္ဂလိပ်စာအရေး/အဖတ်
- TV၊ VIDEO၊ VCD၊ Computerနှင့် Orgamတို့ဖြင့် တွဲဖက်သင်ကြားမည်။
- အချိန် နံနက်၉နာရီမှ ညနေ၃နာရီ
- ၃-၆-၂၀၀၄မှ စတင်လက်ခံမည်

လိပ်စာ- တိုက်အမှတ်(၁၇၂/၁၇)၄-လွှာ(ယုဇနပလာဇာအနီး)၊ ဗညားဒလလမ်း၊ ဖုန်း-၀၁-၅၄၀၃၂၅။

ဝမ်းနည်းကြေကွဲခြင်း
S.O ဟဘီးဘ်မုဟမ္မဒ်(ခ)ဦးအောင်ညွန့်

(ဇာမဏီအမှုန်ချဒိုင်းဆန်ခါနှင့် လုပ်ငန်းသုံးဆန်ခါရောင်းဝယ်ရေး)ပိုင်ရှင် ကျိုလီယာမွတ်(စ်)လင်မ် သာရေးနာရေးအဖွဲ့၏ ဘဏ္ဍာရေးမှူးဟောင်း S.O ဟဘီးဘ်မုဟမ္မဒ်(ခ)ဦးအောင်ညွန့်သည်၁၃-၅-၂၀၀၄နေ့တွင်အလ္လာသျှင်မြတ်အမိန့်တော်ကိုခံယူသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျိုလီယာမွတ်(စ်)လင်မ် သာရေးနာရေးအဖွဲ့။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်း အဝေးအခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။

ဒေါ်ခင်မေ
အသက်(၈၆)နှစ်
(မိုးကုတ်)

မိုးကုတ်မြို့၊ ထင်းရှူးခြံရပ်နေ (ဦးအောင်-ဒေါ်စီ)တို့၏သမီး၊ မြို့မရပ် (ဦးရုံး-ဒေါ်မေ)တို့၏ သမီးချွေးမ၊ (ဦးကျော်ကျော်)၏ဇနီး၊ မြေး ဗိုလ်ကြည်သောင်း- မီမီကို၊ ကိုမျိုးမင်း၊ ဖိုးသာထူး-အေမီကို၊ ကိုနီသွေး၊ အိရွှေစင်၊ သူရကိုကို၊ ယုဇနကိုကို၊ သန္တာအေး၊ ကိုစိုး-စန္ဒာအေး၊ နန္ဒာလင်း၊ မင်းသီဟ၊ လင်းဝဏ္ဏ၊ စန္ဒီစိုး၊ ထွန်းထွန်းဝင်း၊ ကြေးမုံဝင်း၊ အိကေခိုင်၊ သက်စုဖြူ၊ နေမျိုးသန်း၊ အောင်မျိုးသန်း၊ လွင်လွင်အောင်ဝင်း၊ ကျော်စွာအောင်ဝင်း၊ စည်သူအောင်ဝင်းတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားသည် ၂၃-၅-၂၀၀၄ရက် နံနက် ၉း၃၀နာရီတွင် မိုးကုတ်မြို့၊ မြို့မရပ်နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ ရက်တွင် နေအိမ်မှ ကုန်းမြင့်သာယာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးဂွမ်းလှအောင်(ခ)ဆူလေမာန်
အသက်(၈၉)နှစ်
သက်ကေပြင်ရွာမ၊ စစ်တွေ

စစ်တွေမြို့၊ သက်ကေပြင်ရွာမနေ (ဦးရွှေငြိမ်းအောင်-ဒေါ်ကောင်းမဖြူ)တို့၏သား၊ (ဦးစိန်ပွင့်-ဒေါ်မြသာ)တို့၏ သားသမက်၊ ဒေါ်ဒန်းလှ၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်လှဦး)၊ ဒေါ်လှယဉ်၊ ဦးမောင်လှယဉ်-ဒေါ်လှငွေ၊ ဦးစောလှ(ခ)ဦးဇွန်မလုတ်-ဒေါ်စိန်ယဉ်ဖြူ၊ ဦးမွေးယဉ်-ဒေါ်မနီတို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်၂၁ယောက်တို့၏ အဘိုး အဖိုးသည် ၂၁-၅-၂၀၀၄နေ့ ညနေ ၆း၃၅နာရီအချိန်တွင် လှိုင်သာယာ၊ အိမ်အမှတ်(၈/၇၀)၊ ဗိုလ်ဗထူးလမ်းနေအိမ်၌ အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ၂၂-၅-၂၀၀၄ (စနေနေ့) ဇဟိုရ်နမတ်အပြီးတွင် ထိန်ပင်ကာဘာရ် စတန်၌ ဒါဖနာပြုလုပ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးစိန်သန်း(၈၇)နှစ်

ကျိုက္ကော်၊ ကျန့်တိတ်ဘုံကျောင်းအမှုဆောင်

သထုံမြို့နယ်ကျိုက္ကော်ဈေးတန်း၊အမှတ်(၁၈၅)နေ(ဦးစစ်လာ-ဒေါ်ပု)တို့၏ သား၊ (ဦးကွီ)-ဒေါ်တင်မေတို့၏အစ်ကို၊ (ဒေါ်ဖွန်တီ)၏ခင်ပွန်း၊ ဦးကောက်-ဒေါ်ကျင်စန်း၊ဦးမြင့်အောင်-ဒေါ်ကျင်ဟန်၊ ဦးချိန်ဟန်-ဒေါ်ခင်စန်းကြည်၊ ဦးချိန်ဟုတ်-ဒေါ်ချိုချိုစန်း၊ဦးချိန်ဝင်း-ဒေါ်ဌေးဌေးဝင်းတို့၏မွေးသဖခင်၊ မောင်ကျော်ကျော်ဝင်း၊ ဆွေဇင်ဝင်း၊ခိုင်သဇင်ဝင်း၊ မြတ်သူဝင်း၊ခိုင်ရည်ဝင်း၊ဘိုဘိုဝင်း၊ ညီနိုဝင်း၊ သင်းစုဝင်း၊အေးခိုင်ခိုင်ဝင်း၊ဟန်စုဝင်းတို့၏အဘိုးဦးစိန်သန်းသည် ၂၃-၅-၂၀၀၄ရက် ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ရက်တွင် သိမ်ဆိပ်တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာ ဦးလှအောင်(ညွှန်မှူး-ငြိမ်း)ဆေးသုတေသန ဦးစီးဌာန(အထက်)နှင့်ဇနီး Dr. ဒေါ်ခင်လေးတင့်၊သမီး၊ချွေးမ၊မြေးတို့ ၂၀-၅-၂၀၀၄ရက်နံနက်တွင်ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူသမီးနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၆၄ခုနှစ် ဆေးတက္ကသိုလ်(၁)ဝင် သူငယ်ချင်းဆရာဝန်များ။

ဒေါ်အုံးရင် (၉၃)နှစ်

ဘားအံမြို့(နောင်တုတ်ရွာ)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ်(၂၃)နေ (ဦးပန်းရောင်-ဒေါ်နန်းအိနွဲ့)တို့၏သမီး၊ ဦးကျော်ဝင်း၏ဇနီး၊ ဦးဝင်းကျော်-ဒေါ်ခင်ခင်စော၊ ဦးမြကြည်-(ဒေါ်မြင့်မြင့်မော်)၊ (ဗိုလ်သိန်းကျော်)၊ အမှတ်(၂၁၄) ဘုရားလမ်း အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့နေ ဦးဘိုနီ(ခ)ဦးမျိုးသန့် - ဒေါ်မင်းမင်းထွန်း(ခ)မချောတို့၏ မိခင်၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည်အထက်ပါနေအိမ်၌ ၂၃-၅-၂၀၀၄ (တနင်္လာနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန် ပါ၍ ၂၅-၅-၂၀၀၄(အင်္ဂါနေ့) ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး

ဦးသန်းဆွေ(၈၈)နှစ်

(ပုလော)

တနင်္သာရီတိုင်း၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးဖေချစ်-ဒေါ်ကျင်ရွှေ) တို့၏သားကြီး၊ (ဦးသောင်းဖေ-ဒေါ်နု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ဆဒ္ဒန်လမ်း၊ အမှတ်(၁၂/ခ)နေ ဒေါ်သောင်းကျင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးစစ်ခိုင်-ဒေါ်ကြည်ဝင်းတို့၏ ဖခင်၊ မောင်ဇော်ဇော်-မနေမင်းမင်းဝင်း (တူးတူး)၊ မနန်းစုခိုင်၊ မဖြူနှင်းအိတို့၏ ဘိုးဘိုးကြီးသည် ၂၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အလုံမြို့နယ် နေအိမ်မှကားများနံနက် ၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လေးကြည်(၇၈)နှစ်

ဟင်္သာတ(ခြောက်ရွာ)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်(၂၄၂)၊ အခန်း (၁)နေ (ဦးဖိုးစိန်-ဒေါ်စန်းညွန့်)တို့၏ သမီး ကြီး၊ (ဦးမြင့်သိန်း၊ စက်မှု-၁၊ ငြိမ်း)၏ဇနီး၊ ဦးချစ်ထွန်း၊ (ဦးသိန်းလှိုင်)၊ ဒေါ်သန်းဆင့်၊ ဦးတင်အေး၊ ဒေါ်တင်ရီ တို့၏ အစ်မကြီး၊ ဦးအောင်ကျော်ဇော-ဒေါ်ကေသီခိုင်(ဒု-ဦးစီးမှူး၊ ထွေ/အုပ်)၊ မခင်မော်မော်သိန်း၊ မခင်အိအိသိန်း၊ ကိုရဲနိုင်စိုး-မခင်နီလာသိန်း၊ ကိုစောလှဖြူ-မသင်းပပသိန်းတို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှသိန်း(ခ)ဒေါ်လှသန္တာ အသက်(၇၇)နှစ်

(အဝကျွန်း)

အဝကျွန်းနေ (ဦးမောင်ပုံ-ဒေါ်အောင်သာဖြူ)တို့၏ သမီး၊ အဝကျွန်းနေ (ဦးညိုထွန်း-ဒေါ်မမေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၅)လမ်း၊ အမှတ်(၆၇၈)နေ ဦးထွန်းအောင်၏ဇနီး၊ ဦးညိုအေး-ဒေါ်လှဦးစိန်၊ ဦးထွန်းနု-ဒေါ်ခင်ပြုံး၊ ဦးအောင်ကျော်ဦး-ဒေါ်သိန်းသိန်း၊ (ဦးသိန်းမောင်-ဒေါ်နော်ရူးဝါး)၊ ကိုတင်မောင်-မသန်းသန်းဆင့်၊ကိုဘခင်၊ကိုစောနု၊ ကိုတင်ထွန်းနိုင်-မကျော့ကေခိုင် တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၆ယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၅-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၉နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မေ (၈၆)နှစ်

(မိုးကုတ်)

မိုးကုတ်မြို့၊ ထင်းရှူးခြံရပ်နေ (ဦးအောင်-ဒေါ်စီ)တို့၏သမီး၊ မြို့မရပ်နေ (ဦးရုံး-ဒေါ်မေ)တို့၏ သမီးချွေးမ၊ (ဦးကျော်ကျော်)၏ ဇနီး၊ မြို့မရပ်နေ (ဦးထယ်)၊(ဦးကြွယ်)၊ ဈေးဟောင်းရပ်နေ (ဒေါ်ဒေါ်အေး)၊ ရှမ်းစုရပ်နေ (ဦးသူတော်)၊ (ဒေါ်စောညွန့်)၊ရန်ကုန်မြို့၊ဗိုလ်အောင်ကျော်လမ်းနေ (ဒေါ်မြသွယ်)၊ မိုးကုတ်မြို့၊ ထင်ရှူးခြံရပ်နေ (ဒေါ်အေးမယ်)တို့၏ညီမ၊ ရန်ကုန်မြို့၊ကျောက်ကုန်းနေ (ဒေါ်တင်မေ)၊ မိုးကုတ်မြို့၊ စည်ပင်သာယာရပ်နေ (ဒေါ်ခင်ရွှေ)တို့၏ အစ်မ၊ ဦးကိုကိုကြီး-ဒေါ်မြင့်မြင့်(မြို့မရပ်)၊ ဒေါက်တာဦးကိုကို-ဒေါ်မော်လီမြမြဝင်း၊ ဦးခင်မောင်အေး-ဒေါ်ခင်သန်းနု(ရှမ်းစုရပ်)၊ ဦးတင်မောင်အေး(မြို့မရပ်)၊ ဒေါက်တာရဲထွဋ်စိုး-ဒေါက်တာရီရီဝင်း၊ (ဦးထိန်ဝင်း-မြို့မရပ်)တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ဦးခင်မောင်ဝင်း-ဒေါ်စိန်စိန်တင်၊ ဦးခင်မောင်သန်း-ဒေါ်ရီရီ၊ ဦးအောင်ဝင်း-ဒေါ်အမာတို့၏ ကြီးတော်သည် မိုးကုတ်မြို့၊ မြို့မရပ် နေအိမ်၌ ၂၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၇-၅-၂၀၀၄ရက်တွင် နေအိမ်မှ ကုန်းမြင့်သာယာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မြသိန်း (၈၃)နှစ်

(အုတ်ဖို)

ပဲခူးတိုင်း၊ အုတ်ဖိုမြို့နေ (ရှေ့နေ ဦးဘိုးဟန်-ဒေါ်မြသစ်)တို့၏ သမီးကြီး၊ အမှတ်(၈၄၆)၊ အနော်ရထာလမ်း၊ (၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အမှတ်(၃)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးစိန်းမောင်)၏ဇနီး၊ ပဲခူးမြို့နေဦးဖေအောင်၊(ဦးတင်မောင်ကြီး)တို့၏ အစ်မ၊ ဒေါ်သင်းသင်းနိုင်(ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒဌာန၊ ရန်ကုန် အနောက်ပိုင်း တက္ကသိုလ်)-ဦးရဲထွဋ်တင်(ကျွမ်းကျင်သူ၊ အားကစား ဝန်ကြီးဌာန)၊ ဒေါ်စိုးစိုးအေး (ဒု-အထွေထွေမန်နေဂျာ၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း)၊ ဦးနေမျိုးဦး (အုပ်ချုပ်မှုဒါရိုက်တာ၊SMS Co.,Ltd)-ဒေါ်ဥမ္မာခိုင် (မန်နေဂျာ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၊ဒေါ်မော်မော်အေး(ဒု-ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ ဦးရဲလွင်(မြို့နယ်ဥပဒေ အရာရှိ၊ညောင်တုန်းမြို့နယ်)၊ (ဒေါ်နီနီရွှေ)၊ ဦးရဲထွဋ်-ဒေါ်တင်တင်မော်၊ ဦးနေမျိုးမြတ်(SMS Co., Ltd)၊ ဦးဉာဏ်လင်းထွဋ် - ဒေါ်တင်တင်မိုး (တပ်မတော်အထည်ချုပ်၊ ဝါယာလက်)၊ ဦးဇော်လင်းထွဋ်(Liz Star Shipping)-ဒေါ်လွင်ချိုနိုင်(ရတနာသိင်္ဂီကုမ္ပဏီ) တို့၏ကျေးဇူးရှင် မိခင်ကြီး၊ ဝင်းလဲ့ထွဋ်၊ ဝင့်ရည်ထွဋ်၊ခိုင်ခိုင်ရဲလွင်၊ စိမ်းလဲ့ထွဋ်တင်၊ ဖွဲ့ရဲထက်၊ ကေခိုင်ထွဋ်၊ ကောင်းထက်နေခိုင်၊ ကျော်ခေါင်ထွဋ်တို့၏ ဘွားဘွားကြီးသည် ၂၂-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၆-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။[အမှတ်(၃)၊မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်ဒါယကာ

ဦးနေဝင်း အသက်(၆၁)နှစ်

ကျုံပျော်မြို့၊ ကျိုက်ပါကျေးရွာနေ (ဦးကျော်ခင်-ဒေါ်သန်းမျှင်)တို့၏ သား၊ မင်္ဂလာဒုံမြို့နယ်အမှတ်(၁၉၅)၊ ကာယသုခလမ်း၊(၂/က)ရပ်ကွက်နေဒေါ်ခင်ကြည်၏ ခင်ပွန်း၊ မခင်အေးဝင်း၊ မနီနီဝင်း၊ (မစန္ဒာဝင်း)၊ မရူပါဝင်း၊ မောင်ဝင်းမင်းထွေး-မချောအိဖြူတို့၏ မွေးသဖခင်သည် ၂၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးထင်မောင်(ဗန္ဓုလ) အသက်(၉၄)နှစ်

မအူပင်

ယခင် မြန်မာ့လက်ရွေးစင်

မြူနီစီပါယ်ဘောလုံးသမားဟောင်း

ရန်ကုန်မြူနီစီပါယ်အဖွဲ့

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊တိုက်(A)၊ အခန်း(၂၀၆)နေ (ဦးကျော်လှ-ဒေါ်သောင်း)တို့၏သား၊ ဒေါ်အေးကြည်၏ခင်ပွန်း၊ (ဦးခင်မောင်ရင်၊ဒေါ်လှခင်၊ဦးစောမောင်၊ဦးကျင်မောင်)တို့၏ညီမောင်၊ဦးညီညီထွန်း၊ ဒေါက်တာစန်းစန်းမြင့်တို့၏ ကျေးဇူးရှင် ဖခင်သည် အထက်ပါနေအိမ်၌ ၂၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၅-၅-၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်လှစိန်(ခ) ဒေါ်ပုကျစ် အသက်(၈၃)နှစ်

ထားဝယ်(ကမြိုင်ရွာ)

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကမြိုင်ရွာနေ (ဦးလူဘင်-ဒေါ်ထွန်းခင်) တို့၏ သမီး၊ (ဦးထွန်းလင်း)၏ ဇနီး၊ ဦးထွန်းဝင်း - (ဒေါ်တင်တင်ထွေး)၊ (ဦးတင်ဝင်း)-ဒေါ်မြင့်မြင့်ရီ၊ ဦးစိုးလှိုင်-ဒေါ်ခင်မြ၊ ဦးပန်းအုံ-ဒေါ်သန်းမြတို့၏ အစ်မ၊(ဦးမျိုးမြင့်)-ဒေါ်သောင်းရီ၊ ဦးတင်ငွေ(အမှတ်-၁၊ သစ်စက်)-(ဒေါ်ခင်ဝင်း)၊ ဦးကျော်ဝင်း-ဒေါ်အေးအေးမူ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ တိုက်(၁၄)၊ အခန်း(၈)၊ စီးပွားကူးသန်းအိမ်ရာ၊ (၄၁) တိုးချဲ့ရပ်ကွက်တို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၅-၂၀၀၄ (တနင်္လာနေ့) တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ (အင်္ဂါနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးချစ်လှ(၇၇)နှစ်

မော်လမြိုင်မြို့၊ဈေးကြိုဆန်တန်းရပ်နေ (ဦးလွန်းမောင်-ဒေါ်အေးမြိုင်) တို့၏ သား၊ (ဦးထွန်းအောင်)- ဒေါ်သန်းမြင့်တို့၏ ညီ၊ ဦးပါခွေး-(ဒေါ်အေးရင်)၊ (ဦးခင်မောင်နိုင်)-ဒေါ်အေးရင်၊ဒေါ်မြင့်တို့၏ အစ်ကို၊ ဒေါ်သိန်း၏ခင်ပွန်း ဦးချစ်လှသည် ၂၃-၅-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄(တနင်္လာနေ့) တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူညီမများ။

ဦးအုန်းကြိုင် (အလေးမ)(ခ) ဦးအောင်မိုး (ခ) မိုးမြင့်ဦး

(စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ(ပါမောက္ခဦးဘညွန့်)-ဒေါ်အုန်းခင်တို့၏ သား၊ ဦးတင်ဝင်း-ဒေါ်တင်တင်ဦး၊ (ဦးဝင်းညွန့်၊ရုပ်ရှင်သရုပ်ဆောင်)၊(ဦးဝင်းဦးရုပ်ရှင် သရုပ်ဆောင်) တို့၏ ညီ၊ (တက္ကသိုလ်ကြည်ရွှင်ရုပ်ရှင်သရုပ်ဆောင်) - ဒေါ်ကြူကြူသင်း၊ ဗိုလ်ကြီးစိုးညွန့်(ငြိမ်း)-ဒေါ်ယုဇနဝင်း၊ ဦးအေးညွန့်-ဒေါ်ဝင်းကြည်၊ ဦးသန်းကျော်၊ ဒေါ်အေးမိစံ၊ ဒေါ်မာလာညွန့် (အာမခံ) တို့၏အစ်ကို၊ အမှတ်(၁၂၃၄) ပဒုမ္မာ(၁)လမ်း၊(၄၉)ရပ်ကွက်ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒေါ်မေမြင့်ရီ(ရုပ်ရှင်သရုပ်ဆောင်)၏ ခင်ပွန်း ဦးအုန်းကြိုင်(ခ)ဦးအောင်မိုး(ခ) မိုးမြင့်ဦးသည် ၂၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျင်သိန်း(ဂျိမ်း)(၄၅)နှစ်

မြောင်းမြ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်(၅၁၆)နေ၊ [ဦးသိန်းအောင်၊တိုင်းတရားသူကြီး(ငြိမ်း)]-ဒေါ်ကြင်ပွား တို့၏သား၊ ဦးကျော်သိန်း(ခ) ဦးရဲထွဋ်-ဒေါ်တင်တင်ခိုင်၊ ဒေါက်တာလှရှိန်၊ ဒေါ်မေဇီအောင်(ဦးစီးအရာရှိကုမ္ပဏီအခွန်ရုံး)၊ ဒေါ်ဘေဘီအောင်-ဒေါက်တာထွန်းထွန်း (ကလေးအထူးကု၊ မအူပင်ဆေးရုံကြီး)၊ ဦးသိန်းတင်[ပုလဲ-ငါး(ငြိမ်း)]-(ဒေါ်အေးအေးတိုး)တို့၏ညီ/မောင်၊ဦးအေးမြင့်-ဒေါ်စန်း(တရားရေးဝန်ထမ်း၊အဆင့်-၄၊ ခရမ်းမြို့နယ်တရားရုံး)၏အစ်ကို၊မောင်စိုးဇေယျာထွန်း(ခ)ဂျူနီယာဂျိမ်း(အထက-၁၊ မြောင်းမြ)၏ဖခင်သည် ၂၄-၅-၂၀၀၄ရက်တွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍၂၆-၅-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးသန်းဆွေ (၈၈)နှစ်

(ပုလော)

တနင်္သာရီတိုင်း၊ ပုလောမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးဖေချစ်-ဒေါ်ကျင်ရွှေ)တို့၏ သားကြီး၊ (ဦးသောင်းဖေ-ဒေါ်နု)တို့၏ သားသမက်၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ အမှတ်(၁၂/ခ)နေ ဒေါ်သောင်းကျင်၏ ခင်ပွန်း၊ ဦးစစ်ခိုင်(ဂုဏ်ထူးဆောင်နာယက)-ဒေါ်ကြည်ဝင်း အသင်းဝင်အမှတ်(၂၂၀)တို့၏ ဖခင်သည် ၂၄-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက်၉း၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဦးရဲနိုင်(ခ)ဦးသောင်း အသက်(၇၁)နှစ်

ကြီးကြပ်ရေးမှူး(ငြိမ်း)

နေပြည်တော်ရုပ်ရှင်ရုံ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၃)ရပ်ကွက်၊ အမှတ်(၂၂၁)နေ (ဦးမြ-ဒေါ်အေး)တို့၏ သားကြီး၊ ဦးသိန်းထိုက် (ဒု-ညွှန်ကြားရေးမှူး၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ စက်မှု-၂)-ဒေါ်လှလှ(အလပြ-ငြိမ်း၊ ထ-၄၊ ဒဂုံမြောက်)တို့၏ အစ်ကိုကြီး၊ (မစပယ်မြ)၊ မောင်ဗိုလ်မင်းနိုင် (New World Printing House)-မသဇင်အေး(Prosperous Freight Services Ltd)တို့၏ ဘကြီးသည် ၂၄-၅-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းအောင်ရှိန် အသက်(၆၉)နှစ်

ဓာတ်ခွဲမှူး(အငြိမ်းစား)

ရန်ကုန်မြို့၊ အမှတ်(၆၁)၊ (၆-လွှာ)၊ ခေါင်းရင်းခန်း၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နေ (ဦးဘိုကြီး-ဒေါ်စန်းကြည်) တို့၏သား၊ (ဦးမောင်တင်)-ဒေါ်ရှုခင် (ကျောက်မြောင်းဈေးအထည်ဆိုင်)တို့၏ သားသမက်၊ ဒေါ်မြသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအုန်းလွင်(ဓာတ်မှန်-S.O.S) - ဒေါ်သန်းသန်းအေးတို့၏ ခမည်းခမက်၊ ဒေါ်သိန်းအိ၊ ဦးအောင်ထွန်းမြင့်-ဒေါ်ခင်မြမြ၊ ဒုတိယဗိုလ်မှူးကြီးသန်းဆွေ(ငြိမ်း)-ဒေါ်တင်တင်ဝင်း(စား/ဖျော်၊ ငြိမ်း)၊ ဦးမျိုးမြင့်-ဒေါ်မာမာဆွေ(စက်မှု-၁)တို့၏ အစ်ကိုကြီး၊ ဒေါ်တင်တင်ရှိန် (စိုက်ပျိုးရေး)၊ ဒေါက်တာမောင်မောင်စိန်(သမားတော်၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာမော်အေးလွင်(နား၊နှာခေါင်း၊လည်ချောင်းအထူးကု၊ နနလဆေးရုံကြီး)၊ ဦးဇော်အောင်၊ ဒေါ်စုစုကြည်၊ ဒေါ်စန်းသီတာ၊ အငယ်လေးတို့၏ဖခင်၊ ဆုပြည်စုံမောင်၊ ဆုပြည့်ဖြိုးမောင်တို့၏အဘိုးသည် ၂၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၆-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်ဝင်း အသက်(၄၄)နှစ်

(ကျောက်မော်)

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ ကျောက်မော်ကျေးရွာနေ ဦးမှတ်ကြီး-ဒေါ်မြညွန့်တို့၏ သမီး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက် နေ ဦးအောင်ကျော်ဖြူ-(ဒေါ်ငယ်)တို့၏ ချွေးမ၊ ကိုမြင့်ဦး-မတင်တင်ဝင်း၊ မောင်သန်းရွှေ-မတင်တင်လှိုင်၊ မောင်မြင့်အောင်-မမြင့်မြင့်အေး၊ မောင်မောင်မြင့်-မအေးအေးတို့၏ အစ်မ၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ မြစပယ်လမ်း၊ အမှတ်(၁၄၆/က)နေ တပ်ကြပ်ကြီးကျော်သိန်း (ကာကွယ်ရေးဝန်ကြီးဌာန)၏ဇနီး၊ မခိုင်သဇင်ကျော် (အထက-၂၊ ဒဂုံ)၊ မောင်ရဲထက်ကျော် (အထက-၂၊ ဒဂုံ)တို့၏ ချစ်လှစွာသော မွေးသမိခင်သည် ၂၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးငွေ (၈၅)နှစ်

(ပေါင်းတလည်)

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ မြို့ပတ်(၁)လမ်း၊ ငြိမ်းချမ်းအေးနဂါးရုံဘုရားအနီး၊အရာရှိအိမ်ထောင်သည်လိုင်း၊ အမှတ်(၁၄၅)နေ (ဦးအောင်ဒင်)၏ ဇနီး၊ (ဦးကျော်သောင်း၊ ကုန်သွယ်/လယ်ယာ၊ တိုင်း/ဂျာဝယ်ရောင်း၊ပဲခူးတိုင်း)-ဒေါ်ခင်သိန်း၊ဦးလှမြင့်(ငြိမ်း၊အုပ်ခွဲတပ်ကြပ်ကြီး/ရေ)-ဒေါ်မြင့်မြင့်၊ ဗိုလ်ကြီးမေအောင်-ဒေါ်မြင့်မြင့်အေး (ကထိက/ဌာနမှူး၊ ဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဒုတိယဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)-ဒေါ်စန်းစန်းအေး(ငြိမ်း၊လ/ထကထိက၊ သင်္ချာဌာန)၊ ဦးဇော်ဝင်းမောင်-ဒေါ်မြင့်မြင့်သန်း (ကြယ်ငါးပွင့်ပွဲရုံ၊ ပေါင်းတလည်)၊ ဦးဝင်းဇော် [Diethelm & Co., Ltd(C-G)] ဒေါ်သင်းသင်းကြိုင်တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏ အဘွားသည် ၂၄-၅-၂၀၀၄ရက်တွင် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီးတရားနာဆောင်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ခင်ထွေး (သမိုင်း) အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်၊ မရမ်းစုမေတ္တာလမ်း၊ အမှတ်(၉၃၀)နေ (ဦးဘအို-ဒေါ်ချစ်ဖုး) တို့၏သမီး ဒေါ်ခင်ထွေးသည် ၁၂-၅-၂၀၀၄ရက်တွင်ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၄-၅-၂၀၀၄ရက်တွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြသင်း (၈၅)နှစ်

ထားဝယ်(ကမြိုင်)

ထားဝယ်မြို့၊ ကညွံ့ရပ်၊ သီတာလမ်း၊ အမှတ်(၂၆၁)နေ (ဦးထွန်းဝင်း)၏ ဇနီး၊ ဦးရန်ရှင်း-ဒေါ်တင်ရီ၊ ဒေါ်စိန်ရီ၊ ဦးမောင်မောင်ညွန့်-ဒေါ်စိန်ကြည်(မြိတ်)၊ ဦးဝင်းရှိန်၊ ဦးမြတ်ရှိန်(တိုင်းမန်နေဂျာ၊ နှစ်ချည်)-ဒေါ်သိန်းကြည်၊ ဦးဝင်းညို-ဒေါ်စိန်ကြည်၊ ဦးဝင်းလွင်-ဒေါ်ခင်မြဝင်း တို့၏ မိခင်၊ မြေး ၁၆ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထားဝယ်မြို့ ဝဲကျွန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအင်ဇွဲစိန်(ခ)ဦးအကောက် အသက်(၈၃)နှစ်

(ရွှေဟင်္သာပရိဘောဂ)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၄၉၆)၊ (၄၉၈/၅၀၀) ကမ်းနားလမ်းနေ (ဦးအင်မာကက်-ဒေါ်အုန်းရန်) တို့၏ သား၊ ဒေါ်တန်ဂတ်လျန်(ခ) ဒေါ်အေးခင်၏ ခင်ပွန်း၊ ဒေါ်အေးအေးမြင့်-ဦးသန်းဝင်း၊ ဦးခင်လေး-ဒေါ်အေးအေးဝင်း၊ ဒေါ်စန်းစန်း-(ဦးဉာဏ်ထွန်း)၊ ဒေါ်သန်းသန်း၊ ဦးစိုးမြင့်-ဒေါ်ခင်ရီ၊ ဦးကျော်မြင့်-(ဒေါ်ညွန့်ကြည်)၊ ဦးကျော်သန်း-ဒေါ်အေးအေးခိုင်၊ ဒေါ်စန်းအေး-ဦးတင့်ဆွေတို့၏ မွေးသဖခင်၊ မြေး ၁၅ယောက်တို့၏ အဘိုးသည် ၂၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်သင်း(၆၇)နှစ်

လက်ထောက်မန်နေဂျာ-(ငြိမ်း)

ဟိုတယ်/ခရီး

ရန်ကုန်မြို့နေ(ဦးလှမောင်-ဒေါ်ခင်တင့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၄၁)၊ အင်းဝလမ်း၊ ကျောက်မြောင်းနေ (ဦးတင်အေး)၏ ဇနီး၊ ဦးအောင်အောင်လွင်-ဒေါ်စန္ဒာ တို့၏ မွေးသမိခင်၊ မခိုင်နွေးထွေးအောင်၊ မောင်လင်းထက်အောင်တို့၏ အဘွား သည် ၂၃-၅-၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၅-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ရာဇိန္ဒ သိက္ခာတော် (၇၁)ဝါ၊ သက်တော်(၉၁)နှစ်

မကွေးတိုင်း၊ ချောက်မြို့နယ်၊ စလေမြို့တောင်တိုက်၊ ရုပ်စုံကျောင်းတော်ကြီး၏ ဦးစီးပဓာန၊ နာယကဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒသည် (၁၃၆၆ခုနှစ် နယုန်လဆန်း ၂ရက်) ၂၀-၅-၂၀၀၄ရက် ညနေ၄း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၆ခုနှစ် နယုန်လပြည့်နေ့) ၂-၆-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် အန္တိမဈာပနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ ဒါယကာဒါယိကာမများ၊စလေမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ရေဝတ မဟာထေရ် သိက္ခာတော်(၆၉)ဝါ၊ သက်တော် (၈၉)နှစ်

(ထားဝယ်)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ ဇေယျာသုခကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ ရန်ကုန်မြို့၊ထားဝယ်ဆရာတော်များ ဦးစီးသောထားဝယ်ရဟန်းတော်များ နာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင် ဆုချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ရေဝတ မဟာထေရ်မြတ်သည် (၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၅ရက်) ၂၃-၅-၂၀၀၄(တနင်္လာနေ့) နံနက် ၄း၀၅နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၃၀-၅-၂၀၀၄(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ဇေယျာသုခကျောင်းတိုက်မှပင့်ဆောင်၍ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ဇေယျာသုခကျောင်းတိုက်မှ ကားများမွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။

တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ ဇာဂရ သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၁)နှစ်

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မဟာသုခိတာလမ်း၊ မူလယိုးဒယားကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တ ဇာဂရ မဟာထေရ်မြတ်သည် (၁၃၆၆ခုနှစ်၊ နယုန်လဆန်း ၃ရက်) ၂၁-၅-၂၀၀၄ (သောကြာနေ့) ညနေ ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိဈာပနအခမ်းအနားကို (၁၃၆၆ခုနှစ်၊ နယုန်လဆန်း ၉ရက်) ၂၇-၅-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မူလယိုးဒယားကျောင်းတိုက်၌ ကျင်းပပြီး ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ (အထက်ပါကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ဈာပနကော်မတီ။

ဘုရား၊ သိမ်၊ မုခ်ဦး ဒါယကာကြီး

ဦးစိန်သိန်း အသက်(၈၁)နှစ်

(မြို့နယ် သ/မ မန်နေဂျာ-ငြိမ်း)

(၄၀၃/အေရုံ၊ သိမ်ကြီးဈေး)

(ကညွတ်ကွင်း)

ကညွတ်ကွင်းမြို့နေ (ဦးစောရှိန်-ဒေါ်ပေါင်ဒါ)တို့၏ သားကြီး၊ (ဦးအေးမောင်)-ဒေါ်ခင်ကြည်၊ (ဦးခင်-ဒေါ်သန်းရီ)တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ အမှတ်(၅၈)၊ (၆-လွှာ)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်ခင်လှလှ၏ ခင်ပွန်း၊ ဦးငွေစိုး-ဒေါ်မြမြရီ၊ ဦးတင်ဌေး-ဒေါ်တင်အေးဆွေ၊ ဒေါ်သန်းသန်းရီ၊ ဒေါ်အေးအေးရီ၊ ဦးကျော်စိုးဝင်း - (ဒေါ်စန်းစန်းရီ)၊ ဦးမောင်မောင်မြင့်၊ ဒေါ်စပ္ပာယ်ရီတို့၏ ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက် တို့၏အဘိုးသည်၂၃-၅-၂၀၀၄ ရက်တွင် ရွှေဂုံတိုင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄(အင်္ဂါနေ့) ညနေ ၄ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုလှဝင်းကြိုင်(ခ)ဝေလျံ အသက်(၄၁)နှစ်

မြို့နယ်မြေစာရင်းရုံး၊သန်လျင်မြို့၊

သန်လျင်၊ အထက-၂

ကျောင်းသားဟောင်း

ရန်ကုန်တိုင်း၊သန်လျင်မြို့၊အမှတ်(၂၄၆)၊ ဦးဘိုးသိမ်းလမ်း၊ မြို့ဟောင်းအရှေ့ရပ်ကွက်နေ(ဦးအေးကြိုင်)-ဒေါ်မြညွန့်(ခ) ဒေါ်အမာတို့၏သားငယ်၊ ရန်ကုန်တိုင်းကျောက်တန်းမြို့၊ အေးစေတီလမ်းနေ ဦးအေးငွေ(ကုန်သွယ်/လယ်ယာ-ငြိမ်း)-ဒေါ်မြမြမူတို့၏ သားသမက်၊ (ဦးဟန်ရှိန်း)-ဒေါ်ခင်မာကြိုင်၊ ဦးဝေဦး-ဒေါ်တင်မာကြိုင်၊ ဦးထွန်းမြတ်ကြိုင်-ဒေါ်နွယ်နွယ်ဦးတို့၏ညီ/မောင်၊ ဦးဆန်းထွန်း-မဥမ္မာကြိုင်၊ကိုပြေစိုး-မဝင်းမာကြိုင်၊ မဇင်မာကြိုင်တို့၏ အစ်ကို၊ မမျိုးသီတာလွင်(ကြေး/မြေ-မြေတိုင်း၊ ပုံထုတ်)၏ချစ်လှစွာသောခင်ပွန်း၊ မမြတ်နိုးခင်၏ဖခင်သည် ၂၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ယမ်းတိုက်ကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဒေါ်တင်တင်မေ (၇၄)နှစ်

(ဖျာပုံ)

၁၉-၅-၂၀၀၄ရက်တွင် စစ်ကိုင်းတောင်ရိုး၊ သီတဂူအာယုဒါနဆေးရုံတော်တွင် အမှုထမ်းဆောင်ရင်း ကွယ်လွန်သွားခဲ့သော ဒေါ်တင်တင်မေ အသက်(၇၄)နှစ် ဖျာပုံမြို့အား မကျန်းမာစဉ် ပြုစုကုသပေးခဲ့ပြီး ကွယ်လွန်ပြီးနောက် ဈာပနကိစ္စ အရပ်ရပ်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သောဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများနှင့် မိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စန်းရင်(ခ)ချူလျင်း အသက်(၇၃)နှစ်

(ရွှေလောင်း)

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းမြို့၊ ကမ်းနားလမ်း၊ အမှတ်(၄၄၄)နေ ဦးအမိုင်၏ဇနီး၊ ကိုသိန်းဇော်၊ မခင်မြမြ၊ ကိုမောင်မောင်မြင့်-မစုကျင်၊ ကိုအယုံး-မခင်ဌေးဌေး၊ ကိုအောင်ဝင်း-မနီနီခိုင်၊ ကိုထွန်းထွန်းလေး-မနီနီဝင်း၊ မမျိုးမျိုးခိုင်၊ ကိုညီညီလေး-မလီလီတို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မြေး၁၅ယောက်တို့၏ အဘွားသည် ၂၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၆-၅-၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် ရွှေလောင်း တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းပါမည်။ ကျန်ရစ်သူမိသားစု။

မောင်ကျော်ကျော်ဦး အသက်(၁၉)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၃)ရပ်ကွက်၊ ဇေတဝန်ကျောင်းလမ်း၊ အမှတ်(၁၅၅/၁၅)နေ ဦးကျော်မြင့်(ရွှေပုဇွန်မုန့်တိုက်)-ဒေါ်နီ၊ ဦးဌေးလှ-ဒေါ်သန်းသန်းအေး၊ (နှင်းတောင်မုန့်တိုက်)၊ ကိုဌေးနိုင်-ဒေါ်မြသက်မူ (နန်းတော်မုန့်တိုက်)၊ ဦးထွန်းကျော်(ဘောလုံး) - ဒေါ်သီတာအေး (ဒေါင်းဝါမုန့်တိုက်)၊ မတင်နွေဦး (နဒီလှိုင်းလှရိပ်မြုံ)တို့၏တူ၊ ဦးရဲထွန်း-ဒေါ်မိမိမော်(ဥဩမုန့်တိုက်)တို့၏ သား၊ မောင်သူရမင်းစိုး၏ အစ်ကိုသည် ၁၉-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြစ်သာတံတား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကလေးမြို့ မြစ်သာတံတား(ကလေးဝ) တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရေးဆောင်ရွက်နေ မြေလွတ်မြေရိုင်းများ ဖော်ထုတ်ပြီး စိုက်ပျိုးမြေအဖြစ် ပြောင်းလဲ

ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ ကျေးလက်သို့ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၂၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီ ၄၅မိနစ်တွင် စစ်ကိုင်းတိုင်း ကလေးဝမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)တွင် ကျင်းပရာ သဘာပတိ ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

အလုပ်သမားကိုယ်စားလှယ် အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့ စာတမ်းများပြုစုရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၄

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့သည် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ရမည့် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်နှင့် ပတ်သက်၍ မိမိတို့ အစုအဖွဲ့များက စာတမ်းများပြုစုရေးနှင့် ဖတ်ကြားတင်သွင်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပွဲများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❐

အမှာစကား ပြောကြား

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၏ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)တွင် ကျင်းပရာ သဘာပတိ မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)